## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-982-9-1
9 789998 698291 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| **ပြန်ကြားရေးဝန်ကြီးဌာန** | - | စာအုပ်အမှတ်စဉ် ( ၁၅ / ၂၀၂၃ ) |
| **ထုတ်ဝေသည့်ခုနှစ်** | - | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **ထုတ်ဝေသည့်အကြိမ်** | - | ပထမအကြိမ် |
| **အုပ်ရေ** | - | ၁၅၀၀ အုပ် |
| **ပုံနှိပ်** | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

**1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".**

**2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.**

**3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ် ၆

**မိန့်ခွန်းများ**

၁။ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇

၂။ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၁၁

၃။ ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ၁၄

၄။ နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၂၃

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဆရာဝန်လိုအပ်လျက်ရှိသောဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၃၀

၆။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည့်အမှာစကား ၃၅

၇။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၀

၈။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၄၃

၉။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် လဟယ်မြို့ရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားသီးခြားစီတွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၄၈
၁၀။ ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံပင်မရေငုပ်နှင့်ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၅၀
၁၁။ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ Jasmine Ngapali Resort ၌ ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8th High Level Committee Meeting တွင် ပြောကြားသည့်အမှာစကား ၅၂
၁၂။ ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား သံတွဲမြို့ရှိ Pristine Mermaid Resort ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည့်အမှာစကား ၅၅
၁၃။ ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ရှိ ငပလီခန်းမ၌ သွားရောက်တွေ့ဆုံပြောကြားသည့်အမှာစကား ၅၉
၁၄။ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၂
၁၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား ၆၆
၁၆။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား ၆၉

## သဝဏ်လွှာများ

၁။ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၇၅
၂။ (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ ၇၈

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၁၂) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များ ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁ - ၁ - ၂၀၂၃ )





၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ၁ ရက်နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**အစဉ်အလာကောင်းများရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အထိမ်းအမှတ်အဖြစ်ကျင်းပပြုလုပ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့်နေ့ဖြစ်ပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့်သွေးချွေးများကိုပေးဆပ်ပြီး ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင်

ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့်စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကိုအများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ယခုကဲ့သို့မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့်အခါသမယတွင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အရေးအရာများနှင့် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများရှိခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိနေပါသေးကြောင်း၊ ယခုနှစ်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကိုအမွန့်ရှည်တည်တံ့ရေးအတွက် အသက်ခန္ဓာပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့နေ့ထူးနေ့မြတ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိနိုင်ရန် ကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် နှစ်ပေါင်း(၁၀၀) ကျော် မိမိတို့မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေးမြောက်မြားစွာစတေးပြီး အလွန်တရာခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရသည့်အတွက် အလွယ်တကူရရှိခဲ့ခြင်းမဟုတ်သည်ကို မမေ့အပ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့်စွန့်လွှတ်စွန့်စားပြီး ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

**တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံ၊ ထောင့်စုံမှ တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို အများထက် ထူးကဲသာလွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်။**

ယခုကဲ့သို့ရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ အသက်ခန္ဓာပင်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်မျိုးချစ်ပုဂ္ဂိုလ်များ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့သည့် မြန်မာ့လွတ်လပ်ရေးအစဉ်ထာဝရတည်တံ့နေစေရန်အတွက် ယခုကျရောက်သည့် (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွတ်လပ်သည့်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်တာဝန်သည် မိမိတို့မြန်မာနိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူအားလုံး၏တာဝန်ပင်ဖြစ်ပါကြောင်း။

## ကောင်းမွန်သည့် အစဉ်အလာကောင်း

ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံ၊ ထောင့်စုံမှတည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်

ဆောက်ရေးတာဝန်များကို အများထက်ထူးကဲသာလွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့က ၂၀၁၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်နှင့် ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်များကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးထောက်ခံတင်ပြချက်များအရ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကျင်းပပြုလုပ်ချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ၂၀၂၂ ခုနှစ်အတွင်း ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ (၇၄၄) ဦးကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အခမ်းအနားပထမနေ့တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ရရှိသူ(၃)ဦး၊ သတိုးသီရိသုဓမ္မဘွဲ့ရရှိသူ (၁) ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသူ (၄)ဦး၊ သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ (၂)ဦး၊ မဟာသရေစည်သူဘွဲ့ရရှိသူ (၆)ဦး၊ သရေစည်သူဘွဲ့ရရှိသူ (၁၁)ဦး၊ စည်သူဘွဲ့ရရှိသူ (၇၈)ဦး၊ သီဟသူရဘွဲ့ရရှိသူ (၁) ဦး၊ သူရဘွဲ့ရရှိသူ(၄) ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ (၅၀)ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ (သံအမတ်ကြီးများ) (၂၈)ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ (အကြံပေးပုဂ္ဂိုလ်) (၈)ဦး၊ စုစုပေါင်း (၁၀၆)ဦးတို့ကို လက်ရောက်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသောသင်္ကေတအမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်းမပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက်ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စားလေးစားဂုဏ်ယူပါကြောင်း အလေးအနက်ပြောကြားလိုပါကြောင်း၊ မိဘ၊ ဘိုးဘွားများ၏ နိုင်ငံတော်အတွက်ဆောင်ရွက်ခဲ့သည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက်စောင့်ထိန်းပေးရန်လည်းပြောကြားလိုပါကြောင်း။

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့၏ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီးအနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ပေးအပ်ရာ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိကြသည့် နိုင်ငံတော်ဝန်ကြီးချုပ်

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်၊ မိမိတို့၏ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလို။

(ငြိမ်း) ဦးနု (ကိုယ်စား) သမီး ဒေါ်သန်းသန်းနုကို လည်းကောင်း၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးစန်းယု (ကိုယ်စား) သမီး ဒေါ်လဲ့လဲ့ယုကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်မှူးကြီး စောမောင်(ကိုယ်စား) သား ဦးသီဟစောကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့ဖြစ်သည့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးနေဝင်း (ကိုယ်စား) သမီး ဒေါက်တာ ခင်စန္ဒာဝင်းကိုလည်းကောင်း၊ သတိုးမဟာသရေစည်သူဘွဲ့ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) ဗိုလ်ချုပ်ကြီးသူရကျော်ထင် (ကိုယ်စား) ဦးသန့်ကျော်ကိုလည်းကောင်း၊ မဟာသရေစည်သူဘွဲ့ရရှိကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးဗဆွေ (ကိုယ်စား) သမီး ဒေါ်နေရည်ဗဆွေ၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) သူရဦးထွန်းတင် (ကိုယ်စား) သား ဦးရဲမြင့်ထွန်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး အေးကို(ငြိမ်း) (ကိုယ်စား) မြေးဒေါ်မေသက်ကျော်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ (ငြိမ်း) (ကိုယ်စား) သား ဦးဇော်ထွန်းနှင့် ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဦးကျော်ငြိမ်း (ကိုယ်စား) သမီးဒေါ်ချိုချိုကျော်ငြိမ်းတို့ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သီဟသူရဘွဲ့၊ သူရဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

■ ■ ■

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၃ - ၁ - ၂၀၂၃)






တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ၃ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံ့ချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင်နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့သမိုင်းစဉ်တစ်လျှောက်ရဲစွမ်းသတ္တိပြည့်ဝသည့် မျိုးချစ်သူရဲကောင်းများစွာပေါ်ထွက်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ အမျိုးကိုချစ်သည့် သူရဲကောင်းများမြောက်မြားစွာပေါ်ထွက်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံသားများ၏ တိုင်းပြည်နှင့်လူမျိုးအပေါ်ထားရှိသည့် သစ္စာတရားများကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်းနှင့်ထိုက်တန်သည့် ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါက်ဖွားလာသည့်ပြည်ထောင်စုတပ်မတော်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရရှိအောင်ကြိုးစားခဲ့ရသည့်နည်းတူ လွတ်လပ်ရေးကို မဆုံးရှုံးရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် တပ်မတော်လည်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစကာလသည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတည်ရှိမှုအတွက် အစိုးရိမ်ရဆုံးကာလဖြစ်ခဲ့ကြောင်း၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်

နိုင်ရေးအတွက် တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုးအတွက် ရှိသည့်အင်အား၊ ရှိသည့်ခွန်အားများနှင့် အစွမ်းကုန်ဖြေရှင်းခဲ့ရကြောင်း၊ ရောင်စုံသောင်းကျန်းသူများကြောင့် လွတ်လပ်ရေးကြီး ထပ်မံမဆုံးရှုံးရစေရန်နှင့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးခြင်းမဖြစ်ရစေရန် တပ်မတော်သားများအနေဖြင့် အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ပြီး ကာကွယ်ထိန်းသိမ်းခဲ့ကြရကြောင်း။

လွတ်လပ်ရေးရပြီးချိန်မှ ယနေ့ကာလအထိတိုင် တပ်မတော်အနေဖြင့် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ပြီး အစဉ်အလာ (၁၂) ရပ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ခေတ်အဆက်ဆက်အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် အမျိုးသားနိုင်ငံရေးတာဝန်များကိုသာ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ်လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပင်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်ရရှိသူ ၃၉ ဦးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲဗလတံဆိပ်ရရှိသူ ၁၈၁ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူ ၁၁၀ ဦး၊ လူမှုထူးချွန်တံဆိပ်ရရှိသူ ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်ရရှိသူ ၄ ဦး၊ ဝန်ဆောင်စီးပွား ထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်ရရှိသူ ၄ ဦး၊ ဆေးပညာထူးချွန်တံဆိပ်ရရှိသူ ၁ ဦးနှင့် နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၇၄ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၃၆ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၀၄ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စားသက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်းတစ်ပြိုင်တည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**တိုက်တွန်းမှာကြား**

မိမိတို့ချီးမြှင့်ခြင်းခံရသည့် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ၏ တန်ဖိုး၊ ပိုင်းဖြတ်၍မရသည့်လေးနက်မှုကို မျိုးဆက်သစ်များ မျှဝေခံစား၍ရအောင် လက်ဆင့်ကမ်းအမွေပေးသွားကြရန်၊ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ထံကျရောက်လာမည့်တာဝန်များနှင့်ပတ်သက်ပြီး ကျေပွန်အောင်

လွတ်လပ်ရေးရပြီးချိန်မှ ယနေ့ကာလအထိတိုင် တပ်မတော်အနေဖြင့် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ပြီး အစဉ်အလာ (၁၂) ရပ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ၊ တပ်မတော်၏ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်သည့် အမျိုးသားနိုင်ငံရေး တာဝန်များကိုသာ ထမ်းဆောင်ခဲ့ခြင်းဖြစ်၊ သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ်လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိ၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပင်ဖြစ်။

ဆက်လက်ထမ်းဆောင်သွားကြရန်၊ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏အမွေကိုသိရှိနားလည်ပြီး ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်မည်ဟူသည့် ယုံကြည်ချက်၊ ခံယူချက်နှင့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦးတို့ကို ဆုတံဆိပ်နှင့်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ ရရှိသူ ၆ ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၁ ဦး၊ သူရဘွဲ့ရရှိသူ ၅၅၄ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ၁၈၆၀ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၀၅၀ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏သူရဲကောင်းလက်မှတ်ရရှိသူ ၃၁၂၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၅၁ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

■ ■ ■

# ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၄ - ၁ - ၂၀၂၃ )





**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ နိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြတဲ့ အမိမြန်မာနိုင်ငံဟာ အနော်ရထာမင်းတရားကြီးလက်ထက်၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်တို့မှာ ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိခဲ့ကြတဲ့အတွက် နိုင်ငံတော်ရဲ့ ဂုဏ်ရှိန်ရောင်ဝါထွန်းပြောင်ခဲ့ပါတယ်။ နိုင်ငံရဲ့စည်းလုံးညီညွတ်မှုအားနည်းနေချိန်မှာ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ပြီးနောက် ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ကဏ္ဍအသီးသီးမှာ နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးစုပ်အမြတ်ထုတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေဖို့ နယ်ချဲ့များက တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်းသွေးကွဲအောင် စနစ်တကျသွေးခွဲသပ်လျှိုမှုများကို ပြုလုပ်ခဲ့ကြပါတယ်။

**ပြန်လည်ရယူနိုင်ခဲ့**

တိုင်းရင်းသားခေါင်းဆောင်ကြီးများရဲ့ ဦးဆောင်မှုနဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားပြည်သူများရဲ့ အသက်၊ သွေး၊ ချွေးများကို စတေးပြီး ရယူခဲ့ရတဲ့လွတ်လပ်ရေးဟာ အလွန်အရင်းအနှီးကြီးမားလှပါတယ်။ လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းမှာလည်း နယ်ချဲ့တို့ရဲ့သွေးခွဲအုပ်ချုပ်မှုအကျိုးဆက်ကယနေ့ထက်တိုင်ထင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတော်မှာ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးကပေးလိုက်တဲ့ ကြီးမြတ်တဲ့လက်ဆောင်ကတော့ မြန်မာနိုင်ငံသားအားလုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုတို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမတွေအားလုံး အတူတကွစည်းလုံးညီညွတ်ကြတဲ့အခါ အောင်မြင်မှုကိုမလွဲမသွေရရှိနိုင်တယ်ဆိုတာ

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထင်ရှားတဲ့သာဓကပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီလက်အောက်ကို နှစ်ပေါင်း ၁၀၀ နီးပါး ကာလကြာရှည်စွာကျရောက်ခဲ့ရသလို ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဟာလည်း ခက်ခဲရှည်ကြာခဲ့ပါတယ်။ လွတ်လပ်ရေးကို နည်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ရာမှာ အသက်၊ ခန္ဓာစွန့်လွှတ်ရသူတွေ၊ ဘ၀နဲ့ ချီပြီး ရင်းနှီးပေးဆပ်ခဲ့ရသူတွေ များစွာရှိခဲ့ပါတယ်။ သူတို့ အားလုံးဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကို တည်ဆောက်ခဲ့ကြသူများပဲဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ခဲ့သူတွေလည်းဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်အားလုံးကို **ဒီနေ့၊ ဒီနေရာကနေ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံးက ဒီအခမ်းအနားမှာ ၂ မိနစ် ငြိမ်သက်ဂုဏ်ပြုခဲ့ပါတယ်။**

လွတ်လပ်ရေးဆိုတာ ဖျတ်ကနဲဆုံးရှုံးသွားတတ်တဲ့သဘောရှိပြီး ဆုံးရှုံးသွားပြီးမှ ပြန်လည်ရယူဖို့ကြိုးစားတာဟာ နှစ်နဲ့ချီပြီးကြာရှည်တတ်တဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြဖို့ အလေးအနက်ထားတိုက်တွန်းပြောကြားအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံဟာ ရှေးယခင်ဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုနိုင်ငံအသွင်နဲ့ ရပ်တည်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်မှာလည်း ပါလီမန်ဒီမိုကရေစီစနစ်၊ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူခဲ့ရတဲ့ တပ်မတော်ဦးဆောင်မှုစနစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကဦးဆောင်တဲ့ တစ်ပါတီစနစ်၊ တပ်မတော်အစိုးရစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ် စတဲ့စနစ်မျိုးစုံကို ကျင့်သုံးခဲ့ဖူးတဲ့နိုင်ငံဖြစ်ပါတယ်။ ဘုရင်ခေတ်ကနေ ယနေ့အထိ ဖြတ်သန်းလာရတဲ့အတွေ့အကြုံတွေအရ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အသင့်လျော်ဆုံးနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ခဲ့ပါတယ်။

ဒီနိုင်ငံရေးရည်မှန်းချက် ၂ ရပ်က **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး "** နဲ့ **"ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး"**တို့ဖြစ်ပြီး **ကျွန်တော်တို့အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။** ဒီနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံသားတိုင်းရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အဓိကကျပါတယ်။ ဒီမိုကရေစီလမ်းကြောင်းက သွေဖည်သွားနိုင်တဲ့ လုပ်ဆောင်ချက်တွေကိုရှောင်ရှားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် တည်ငြိမ်ခိုင်မာစေဖို့ လိုအပ်တဲ့တရားဥပဒေစိုးမိုးရေးအတွက် **"ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိစေရ No One is above the Law "** ဆိုတဲ့အတိုင်း တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**ရွေးချယ်ဆောင်ရွက်ဖို့လိုအပ်**

တိုင်းရင်းသားပြည်သူအားလုံးဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ပတ်သက်ပြီးလည်းကောင်း၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးလည်းကောင်း ဘယ်လိုပင်အယူအဆကွဲပြားနေကြသော်လည်း မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်းဆောင်ရွက်ရသကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ပါတယ်။ မိမိနဲ့ အယူအဆ၊ ဆန္ဒမကိုက်ညီသူကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများဟာ ဒီမိုကရေစီစနစ်နဲ့ လုံးဝကိုက်ညီမှုမရှိပါဘူး။ ပုဂ္ဂိုလ်ရေးအရ လွန်ကဲစွာယုံကြည်ကိုးကွယ်ခြင်းဟာလည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကိုဖြစ်ပေါ်စေနိုင်ပြီးတော့ အမျိုးသားစည်းလုံးညီညွတ်မှုကိုထိခိုက်စေနိုင်တဲ့အတွက် ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်လို့ အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေနဲ့ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ သတိပြုရမှာက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ

တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာနေထိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဆိုပြီး လုံးဝမရှိပါဘူး။ လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်ကြပါတယ်။ သူ့ကျွန်ဘဝဆိုတဲ့ မုန်တိုင်းကို တိုင်းရင်းသားပြည်သူအားလုံးရဲ့ အတူတကွပေါင်းစည်းနေထိုင်ကြတဲ့ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုကြောင့် လွတ်လပ်ရေးဆိုတဲ့ ပန်းတိုင်ဆီကို အောင်မြင်စွာအရောက်လှမ်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုစည်းလုံးညီညွတ်တဲ့ အစဉ်အလာကောင်းကိုဆက်လက်ထိန်းသိမ်းပြီး **တစ်ဦးနဲ့တစ်ဦး စိတ်ရှည်သည်းခံမှု၊ နားလည်ခွင့်လွှတ်မှု၊ ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်တို့ဖြင့် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကြီးတည်ဆောက်ကြဖို့အလေးအနက်ထားတိုက်တွန်းလိုပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံတော်အနေနဲ့ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်လို့ခံယူပြီး အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျေးလက်နေပြည်သူတွေဖြစ်ကြပါတယ်။ နိုင်ငံသားများရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အခြားကဏ္ဍတွေမှာ နည်းပညာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်များပိုမိုတိုးမြင့်လာပြီး နိုင်ငံသားများရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေမှာဖြစ်ပါတယ်။ ပြည်တွင်းလိုအပ်ချက်ဖြစ်တဲ့ အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့နိုင်သူ (Exporter) အဖြစ်သို့ ရောက်ရှိတဲ့အထိ ဆောင်ရွက်သွားဖို့ ရည်မှန်းချက်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရပါမယ်။

**စား၊ ဝတ်၊ နေရေးလိုအပ်ချက်**

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ဟာ **"ကမ္ဘာကြည့် ကြည့်မြင်"** ဆောင်ရွက်ကြရပါမယ်။ ကမ္ဘာမှာ လူသားတွေအတွက် အဓိကအခြေခံအကျဆုံးလိုအပ်ချက်ကတော့ စား၊ ဝတ်၊ နေရေးပါပဲ။ ကမ္ဘာ့လူဦးရေဟာ ၂၀၀၀ ပြည့်နှစ်မှာ ၆ ဒသမ ၁ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ ၇ ဒသမ ၈ ဘီလီယံခန့်၊ ၂၀၂၂ ခုနှစ်မှာ ၈ ဘီလီယံအထိဖြစ်လာပြီး နှစ်စဉ်လည်းတိုးတက်လျက်ရှိပါတယ်။ ဒီလိုတိုးတက်လာတဲ့ လူဦးရေနဲ့အညီ စား၊ ဝတ်၊ နေရေးလိုအပ်ချက်ဟာလည်း အချိုးကျမြင့်တက်လာမှာလည်းဖြစ်ပါတယ်။ အထူးသဖြင့် စားသောက်ကုန် လိုအပ်ချက်တွေဟာလည်း သိသာစွာမြင့်တက်လာမှာဖြစ်ပါတယ်။ လူသားတို့ရဲ့ စားရေးနဲ့ဝတ်ရေးကို စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍကပဲ အများဆုံးထောက်ပံ့ပေးနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့လူဦးရေအများပြားဆုံးနိုင်ငံများအကြားမှာ ရှိနေပါတယ်။ **မြန်မာနိုင်ငံရဲ့ရာသီဥတုနဲ့ ပထဝီအနေအထားဟာ ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနဲ့ မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုတည်ရှိပြီးအခြေခံအချက်တွေကို ကျွန်တော်တို့ ထိရောက်အကျိုးရှိစွာအသုံးချနိုင်ဖို့လိုပါတယ်။** လူသားတို့အတွက် အခြေခံလိုအပ်ချက်တွေ ဆက်လက်မြင့်တက်လာဦးမယ့် ကမ္ဘာမှာစားနပ်ရိက္ခာလုံခြုံရေး (Food Security) ဟာလည်း အရေးကြီးလာပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးနဲ့ဖူလုံရေးအတွက် အထောက်အကူပြုပေးနိုင်တဲ့ အလားအလာကောင်းများ ပိုင်ဆိုင်နေတဲ့နိုင်ငံဖြစ်ပါတယ်။ တစ်ချိန်က အလေးထားပြောကြားခဲ့ကြတဲ့ လယ်ယာစိုက်ပျိုးရေးစွမ်းအားရှိတဲ့ (Agricultural Power Country) နိုင်ငံဖြစ်လာနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

**သီးထပ်သီးညှပ်စိုက်ပျိုးမှု တိုးတက်စေအောင်ဆောင်ရွက်**

အဓိကစိုက်ပျိုးသီးနှံများကို စိုက်ဧကတိုးချဲ့ခြင်းထက် သီးထပ်သီးညှပ်စိုက်ပျိုးမှုတိုးတက်စေအောင် ဆောင်ရွက်ခြင်းနဲ့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်ရင် ယခုအခြေအနေထက် များစွာဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရင် ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန် အစားထိုးနိုင်ခြင်း၊ အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေတဲ့အထိ အကျိုးရှိစေနိုင်ပါတယ်။ ဒီလိုအခွင့်အလမ်းကောင်းများစွာ ရှိနေတဲ့အတွက်ပြည်တွင်း

စီးပွားရေးမြှင့်တင်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ **လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင်ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယခွန်အားစိုက်ထုတ်ဆောင်ရွက်ဖို့သာလိုပါတယ်။ "ဆန္ဒကြီးခြင်းဖြင့်၊ ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်"။**

ကျွန်တော်တို့အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာမှာ ဖြစ်နိုင်တာတွေကို ပြည်သူလူထုတစ်ရပ်လုံး အကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း တိုင်းပြည်သာယာဝပြောရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍကနေ နိုင်ငံတော်အကျိုးကိုရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု အကျိုးကိုရှေးရှုပြီး **"ရှေ့သို့ ချီမည် ပန်းတိုင်ဆီ"** (Keep Moving Forward to Achieve Our Goal) ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါတယ်။

**ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံကိုတည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ သိသင့်သိထိုက်၊ ရှိသင့်ရှိထိုက်တဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ အသိပညာဗဟုသုတတွေရှိနေဖို့လိုပါတယ်။** ဒီကိစ္စကို နေ့ချင်းညချင်းတည်ဆောက်လို့မရပါဘူး။ မျိုးဆက်(Generation)နဲ့ချီပြီး မျိုးဆက်အလိုက် ဆင့်ကဲတည်ဆောက်သွားရတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ်ဟာအဓိကဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အဓိကတည်ဆောက်ကြရပါမယ်။ ကျောင်းနေအရွယ်ကလေးအားလုံး၊ ပညာသင်ယူရမယ့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန်နဲ့ အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေးဟာ နိုင်ငံတော်အစိုးရရဲ့ ပညာရေးရည်မှန်းချက်ဖြစ်ပါတယ်။ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ သက်မွေးပညာသင်ကြားရန်အတွက် အခြေခံရသွားမှာဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

**ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း**

စာသင်ကျောင်းပညာရေးကိုအားပေးသလို ကျောင်းပြင်ပပညာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်သွားရပါမယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကျောင်းအလိုက် အသိပညာ၊ အတတ်ပညာများရှာမှီးနိုင်အောင် ဖန်တီးပေးရပါမယ်။ ပညာရှာမှီးရာမှာ အလွယ်ကူဆုံး၊ အသက်သာဆုံးနဲ့ လူအများနဲ့ရင်းနှီးပြီးဖြစ်တဲ့ စာပေဖတ်ရှုခြင်းကတစ်ဆင့် ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ **"စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး" ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာအခိုင်အမာ ဖြစ်စေပါလိမ့်မယ်။**

ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံကို တည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသား အားလုံးဟာ သိသင့်သိထိုက်၊ ရှိသင့် ရှိထိုက်တဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ အသိ ပညာဗဟုသုတတွေ ရှိနေဖို့လိုပါတယ်။ ဒီကိစ္စကို နေ့ချင်းညချင်းတည်ဆောက်လို့ မရပါဘူး။ မျိုးဆက် (Generation) နဲ့ချီပြီး မျိုးဆက်အလိုက် ဆင့်ကဲတည်ဆောက် သွားရတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ်ဟာ အဓိကဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးကို အဓိကတည်ဆောက်ကြရပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် တစ်မျိုးသားလုံးစိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ လိုအပ်ပါတယ်။ မျိုးဆက်သစ် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး အားကစားမှာထူးချွန်တဲ့ သက်ဆိုင်ရာဒေသကိုယ်စားပြု နိုင်ငံကိုယ်စားပြုသူများ အဆင့်မှ ကမ္ဘာ့အဆင့်ထိထိုးဖောက်ပြီး အားကစားဖြင့် နိုင်ငံနှင့်လူမျိုးရဲ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် မျိုးဆက်သစ်များမွေးထုတ်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်သွားကြရပါမယ်။ ကျန်းမာရေးကဏ္ဍမှာ လူတိုင်းလက်လှမ်းမီတဲ့ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိသည်အထိ ရည်မှန်းချက်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနဲ့ ပြည်သူများရဲ့မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိတဲ့အတွက် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းတွေကို ခုချိန်မှာဆိုရင် လျှော့ချထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြင့်လာဖို့ အသေးစား၊ အငယ်စားနဲ့ အလတ်စားကုန်ထုတ်လုပ်မှု MSME လုပ်ငန်းများ အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးဟာ အခြေခံကျကျဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ပြည်တွင်းအဓိကကုန်ထုတ်လုပ်မှုများဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ သဘာဝသယံဇာတများမှထွက်ရှိတဲ့ ကုန်ကြမ်းများကိုအခြေခံတဲ့ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးမြင့်လာမှာဖြစ်ပါတယ်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာ မှန်ပေမယ့်လည်း စည်းစနစ်တကျထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်ကရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများကိုထုတ်ယူအသုံးပြုရာမှာ ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ်တိုးတက်ထုတ်လုပ်ဆောင်ရွက်ခြင်းဟာ ဝင်ငွေပိုမိုရရှိခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖန်တီးပေးနိုင်ခြင်းနဲ့ ပြည်တွင်း၌ နည်းပညာနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိမှာဖြစ်ပါတယ်။

**အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု**

ဒါ့အပြင် အိမ်သုံးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းသုံးအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာထုတ်လုပ်နိုင်ဖို့နဲ့ လုံလောက်စွာရရှိဖို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဆောင်ရွက်နိုင်ခဲ့ပြီး အလားအလာရှိတဲ့ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်စီမံကိန်းတွေအပါအဝင် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လျှပ်စစ်ကဏ္ဍအပါအဝင် အခြားအကျိုးပြုကဏ္ဍများမှာ အသုံးပြုနိုင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသလို ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ **“တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး”** ဆိုတဲ့ ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်အောင်မြင်စွာပြန်လည်ကျင်းပပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပန်းတိုင်ဆီသို့ ဆက်လက်ချီတက်သွားပါမယ်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကျရာအခန်းကဏ္ဍကနေ အတူပူးပေါင်းချီတက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**လွတ်လပ်ရေးရပြီးစကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး၅ ချက်ကို နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစ်စိုက် အသုံးပြုလာခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရ အနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေ အပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့ အစည်းကိုမှ လက်ခံသွားမည်မဟုတ်" ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏တည်ငြိမ် အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ ကျင့်သုံးလျက်ရှိပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ ပထဝီနိုင်ငံရေး အခြေအနေများအရ ကျွန်တော်တို့ဟာ **လွတ်လပ်ရေးရပြီးစကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို နိုင်ငံခြားရေးမူဝါဒရဲ့အခြေခံအုတ်မြစ်အဖြစ် အစဉ်တစ်စိုက်အသုံးပြုလာခဲ့ပါတယ်။** ယနေ့ခေတ်ကာလမှာလည်း ကျွန်တော်တို့အနေနဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိပါတယ်။

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်**

ကျွန်တော်တို့အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ နိုင်ငံတော်ရဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက် စတဲ့ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အခြားကမ္ဘာ့နိုင်ငံတွေနဲ့လည်း နိုင်ငံတကာဥပဒေများ၊ ပဋိညာဉ်များ၊ သဘောတူညီချက်များနဲ့အညီဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုတဲ့ အချို့အဖွဲ့အစည်းများ၊ နိုင်ငံများရဲ့စွက်ဖက်မှု၊ နှောင့်ယှက်လုပ်ဆောင်မှုတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်ပြီးပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားရေးမူဝါဒအတိုင်းရပ်တည်သွားပါမယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ရပ်တည်သွားပါမယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံတကာရေးရာတွေမှာ နိုင်ငံအားလုံးတန်းတူရည်တူရှိမှုနဲ့ မိတ်ဝတ်မပျက်မိတ်ဆွေအဖြစ် ဆက်ဆံရေးတို့ကို အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့ အထူးသဖြင့် နီးကပ်စွာဆက်သွယ်ဆက်ဆံပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားပါမယ်။ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကိုအသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့်မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်" ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။** အလားတူ ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့လည်း နီးစပ်စွာ ဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရသက်တမ်းကာလတစ်လျှောက်မှာ အမျိုးမျိုးသောဖိအားတွေ၊ ဝေဖန်မှုတွေ၊ တွန်းထိုးတိုက်ခိုက်မှုတွေကြားထဲက မြန်မာနိုင်ငံရဲ့ ပကတိဖြစ်စဉ်မှန်အပေါ် သဘောပေါက်သိရှိပြီး ပူးပေါင်းဆောင်ရွက်၊ ဝိုင်းဝန်းအကြံပေးခဲ့ကြတဲ့ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံများနဲ့ လူပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း ဒီနေရာကနေပြောကြားလိုပါတယ်။ ပြည်သူလူထုရဲ့စစ်မှန်တဲ့ဆန္ဒဖြစ်ပြီး ကျွန်တော်တို့အစိုးရကဖော်ဆောင်နေတဲ့ **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်"**ခိုင်မာစေရေးမှာ တတ်နိုင်တဲ့ဘက်က ဆက်လက်ဝိုင်းဝန်းပေးကြဖို့လည်း ပြောကြား

လိုပါတယ်။ တစ်ဆက်တည်းမှာပဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးကာလတွေမှာ ပြာပုံဘဝဖြစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံကို ယခုအခြေအနေထိ ရောက်ရှိစေရေးအတွက် ဘဏ္ဍာရေး၊ နည်းပညာ၊ အခွင့်အလမ်းစသည်ဖြင့် ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးခဲ့တဲ့ နိုင်ငံများ၊ အဖွဲ့အစည်းများ အားလုံးကိုလည်းကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။ **ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့အကျိုးကိုလိုလားတဲ့ မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့မဆို ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီသာဆောင်ရွက်ခဲ့ခြင်းဖြစ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စောင့်ထိန်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေး ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"** လို့ ထည့်သွင်းခဲ့ပြီး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

**ဆွေးနွေးမှုတွေဆောင်ရွက်ခဲ့**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိထားတာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ခေါင်းဆောင်တွေကို ကျွန်တော်ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ကမ်းလှမ်းခဲ့ပြီး ဆွေးနွေးမှုတွေဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကိုဆောင်ရွက်ရာမှာ ရပ်တည်သွားမယ့်အချက် ၂ ချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပေါ်မှာအခြေခံပြီး ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းမယ်ဆိုတဲ့ သဘောထားအမြင်များရှိတာကို တွေ့ရှိရပါတယ်။

တပ်မတော်အနေနဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်ကနေ ၂၀၂၂ ခုနှစ်အကုန်အထိ ၄ နှစ်တာဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို NCA လမ်းကြောင်းပေါ်လျှောက်လှမ်းကြဖို့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းကြောင်းပေါ်မှာ အမြဲရပ်တည်ခဲ့ပါတယ်။ အခုလည်း ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးမြှင့်ပေးထားပါတယ်။ **လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေး အမွေပေးခဲ့ကြပါစို့**လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေဟာအရေးပါတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနဲ့ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ နောက်ဆုံးအချက်မှာ **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမယ်"**လို့ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲအောင်မြင်

စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနတွေက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါတယ်။ မဲစာရင်းမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံဆွေးနွေးလျက်ရှိ**

**တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို ဥပဒေပြုရေးကဏ္ဍမှာ အမြင့်ဆုံးဖြစ်တဲ့ လွှတ်တော်မှာ တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာကိုယ်စားပြုခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြု(PR)စနစ်ဖြင့် ကျင်းပနိုင်ဖို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။** လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအဝန်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးရရှိရန် ပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲပူးပေါင်းဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်အသွင်ကူးပြောင်းပြီးနောက် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ မြို့နယ် ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မြို့နယ် ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရများလက်ထက်ကျမှ ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီးနည်းပါးသွားတာကို သတိပြုဖွယ်တွေ့ရပါတယ်။ ရွေးကောက်ပွဲများကျင်းပရာမှာလည်း နိုင်ငံသားတစ်ဦးချင်းရဲ့ ဆန္ဒသဘောတရားကို လွတ်လပ်စွာဖော်ထုတ်နိုင်ဖို့ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့်အနိုင်ကျင့်လွှမ်းမိုးမှု စတဲ့ မတရားမှုများ ကင်းဝေးရပါမယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံးအကြားအလပ်မရှိအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ဖို့၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

မိတ်ဆွေအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အသိတရား၊ သတိတရားလက်ကိုင်ထားပြီး ကျွန်တော်တို့အစိုးရရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်အားပေးပြီး မြန်မာ့ဒီမိုကရေစီအရေးကို ဝိုင်းဝန်းကာကွယ်ပေးကြဖို့ တိုက်တွန်းမေတ္တာရပ်ခံလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ပြီးကာလ**လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေး ကြိုးပမ်းမှုသမိုင်းတွေမှာ "ကိုယ်ကျိုးမငဲ့ တိုင်းပြည်အတွက်" ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအများအပြားရှိခဲ့ပါတယ်။** ဗုဒ္ဓကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အသင်းချုပ်ကြီး(GCBA)၊ တို့ဗမာအစည်းအရုံး၊ ဖဆပလအဖွဲ့ချုပ်ကြီး၊ ရဲဘော်သုံးကျိပ်၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စတဲ့အဖွဲ့အစည်းများရှိခဲ့ပါတယ်။

**နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြသူများဖြစ်**

လူပုဂ္ဂိုလ်တွေမှာဆိုရင်လည်း လွတ်လပ်ရေးကြိုးပမ်းမှုခေတ်ဦးကာလမှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ကြွမ်ဘိစ်၊ ပုဂံဗိုလ်ချို စတဲ့ပုဂ္ဂိုလ်များရှိခဲ့သလို ခေတ်လယ်ပိုင်းမှာလည်း ဦးဘဖေ၊ ဦးချစ်လှိုင်၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဗိုလ်အောင်ကျော်၊ သခင်ကိုယ်တော်မှိုင်း၊ ဦးဖိုးကျား၊ ဆရာတင်၊ ဦးဝိစာရ၊ ဦးဥတ္တမ စတဲ့ပုဂ္ဂိုလ်များရှိခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကာလမှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၊ ဗိုလ်မှူးကြီးဗထူး စတဲ့ပုဂ္ဂိုလ်များရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးကာလမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို နယ်ပယ်အသီးသီးက မြှင့်တင်ခဲ့သူတွေရှိခဲ့ပါတယ်။ ဦးနု၊ ဦးဗဆွေ၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးသန့်၊ ဒေါက်တာဘမော်၊ ပင်လုံစာချုပ်မှာလက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်ကြီးများ စသူတို့ဟာ ထင်ရှားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ယေဘုယျထင်ဟပ်ပေါ်လွင်အောင်သာ ဥပမာဆောင်ပြောကြားခဲ့တဲ့အတွက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာ

ရှိနေဦးမှာဖြစ်ပါတယ်။ **၎င်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဟာ မည်သို့ပင်အယူဝါဒကွဲပြားခဲ့ကြသည်ဖြစ်စေ၊ ခံယူချက်ကွဲပြားခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်ကိုတည်ဆောက်ခဲ့ကြသူများဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ခဲ့သူများဖြစ်ပါတယ်။** ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံ့တာဝန်ကို ခေတ်အဆက်ဆက် ကြိုးပမ်းတာဝန်ကျေခဲ့သူများ၊ နိုင်ငံအတွက်အသက်ခန္ဓာ စွန့်လွှတ်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်ခြင်းဖြင့် ဂုဏ်ယူအသိအမှတ်ပြုခဲ့ပါတယ်။ ဒီအခမ်းအနားနဲ့လည်း ထပ်ဆင့်ဂုဏ်ပြုလိုက်ပါကြောင်း ပြောကြားလိုပါတယ်။ သူတို့ဟာကျွန်တော်တို့ရဲ့ရင်ထဲမှာ အမြဲတည်ရှိနေမှာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတာ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့သမိုင်းက ပြဆိုခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားနဲ့သာ အဓိကထားတည်ဆောက်ကြရပါမယ်။ မြေပေါ်မြေအောက်နဲ့ ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ မဖွံ့ဖြိုးမတိုးတက်စရာမရှိပါဘူး။ **ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။** (၇၅) နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်းပြောကြားလိုပါတယ်။ **(၇၅) နှစ်မှသည် နှစ်ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီးဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။**

**“ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိရပါမယ်”။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုဂုံးချုပ်အနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သော စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံ့ အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သောနိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် နိုင်ငံတော်နဲ့ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းစွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၆ - ၁ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၆ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များတက်ရောက်ကြသည်။

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ခမ်းနားစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းတွင်ဖျောက်ဖျက်မရနိုင်သည့် မှတ်ကျောက်တစ်ခုဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အစိုးရအဖွဲ့၏ ထင်ရှားသောသမိုင်းမှတ်ကျောက်တင်နိုင်ခဲ့သည့်အခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း၊ အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံတော်ကိုယခုကဲ့သို့သောအခြေအနေသို့ရောက်ရှိအောင် အားလုံး

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်း ဥက္ကဋ္ဌများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားကို ခမ်းနားစွာဖြင့် အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံ အတွက် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး မည်သို့ မှုဖျောက်ဖျက်၍ရမည်မဟုတ်ကြောင်းနှင့် ကောင်းမွန် သည့် မှတ်ကျောက်တစ်ခုတင်နိုင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးရည်မှန်းချက် နှင့် အမျိုးသားရေးရည်မှန်းချက်များ ချမှတ်ဆောင်ရွက် လျက်ရှိ**

မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်တာ ကာလရှိပြီဖြစ်ပြီး လွတ်လပ်ရေးနေ့အခမ်းအနားမိန့်ခွန်း တွင်လည်း မိမိတို့နိုင်ငံ၏သမိုင်းကိုထင်ဟပ်ရန်နှင့် နိုင်ငံ၏ အနာဂတ်အတွက် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ပွင့်ပွင့် လင်းလင်းဖြင့် တိုင်းပြည်ကိုအသိပေးသကဲ့သို့ ကမ္ဘာကိုလည်း အသိပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိန့်ခွန်းကို အလေးအနက်ထားလေ့လာကြစေလိုကြောင်း၊ဖြတ်သန်း ခဲ့သည့်အတွေ့အကြုံများအရ နိုင်ငံရေးအရရည်မှန်းချက် များဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဒီမိုကရေစီနှင့်ဖက် ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက် ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး စနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကိုဆောင်ရွက်သွားမည် ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှု ပုံစံကိုသွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ကြောင်း၊ အလားတူအမျိုးသား ရေးရည်မှန်းချက်များအနေဖြင့် တိုင်းပြည်သာယာဝပြော ရေးနှင့် တိုင်းပြည်စားရေရိက္ခာဖူလုံရေး စသည့်ရည်မှန်း ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း။

တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိ ပက္ခများပေါ်ပေါက်ခဲ့ပြီး ဆိုးရွားကြမ်းတမ်းခဲ့သည့်ကာလ များ၊ တည်ငြိမ်အေးချမ်းမှုအသင့်အတင့်ရှိခဲ့သည့်ကာလ များကို ဖြတ်သန်းခဲ့ရကြောင်း၊ ယနေ့ထက်တိုင် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုမရှိသေးကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးအတွက် မလွဲမသွေ လိုအပ်ချက်ဖြစ်ပြီး အဓိကဖြစ်သည့်ပြည်တွင်းငြိမ်းချမ်း ရေးရရှိရန်အတွက် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိ တို့၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း ထည့်သွင်းချမှတ် ဆောင်ရွက်ထားကြောင်း၊ တိုင်းပြည်သာယာဝပြောမည် ဆိုပါက လက်ရှိအခြေအနေထက် အဆပေါင်းများစွာတိုး တက်ရန်အခွင့်အလမ်းရှိသဖြင့် တိုင်းပြည်သာယာဝပြော ရေးအတွက် မိမိတို့အနေဖြင့် မဆုတ်မနစ်သောဇွဲ၊ လုံ့လ များဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိတ်သဘောထား ကြီးစွာ၊ စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရမည့်ကိစ္စ ပင်ဖြစ်ကြောင်း။

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်နှင့်ပတ် သက်၍ ဒီမိုကရေစီဆိုသည်မှာအများ၏ဆန္ဒအတိုင်းဆောင် ရွက်ခြင်းဖြစ်သကဲ့သို့ အနည်းစု၏ဆန္ဒကိုလည်း အလေး ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများ၏ဆန္ဒဆိုတိုင်း လူနည်းစု၏ဆန္ဒကိုပစ်ပယ်၍ ပြုမှုလုပ်ဆောင်ခဲ့မှုများ ကြောင့် မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ် ခဲ့ပြီး စည်းလုံးညီညွတ်မှုများပျက်ပြားခဲ့သည်ကို သမိုင်း ဖြစ်ရပ်များကဖော်ပြနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေ ဖြင့် ဒီမိုကရေစီစနစ်ကို မှန်ကန်စွာသိရှိနားလည်ပြီးဆောင် ရွက်ကြရန်လိုကြောင်း။

အလားတူ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက် ၍လည်း သက်ဆိုင်ရာအဆင့်အလိုက်၊ ဒေသအလိုက်အုပ် ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအပါအဝင် စီမံခန့် ခွဲမှုများအားလုံးကိုမျှတစွာဖြင့် အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံးတစ်ပြေးညီ ခံစားခွင့်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဥပဒေ များရေးဆွဲပြီးဆောင်ရွက်နိုင်ရန်မူအားဖြင့် သဘောတူပေး ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကပင်မဥပဒေဖြစ် သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေတည်၍ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့်

ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အတွင်းမှဆောင်ရွက်နိုင်ရန် အခြေအနေများပေးခဲ့ကြောင်း၊ အဆိုပါလုပ်ပိုင်ခွင့်များ ကိုအသုံးချနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင်လည်း တိုင်းဒေသကြီးနှင့် ပြည် နယ်များအလိုက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆောလျင်စွာ တည်ငြိမ်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်သွားကြရန် မှာကြား လိုကြောင်း။

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ**

မိမိတို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တပ်မတော်အစိုးရလက်ထက်ကတည်းက ဈေးကွက်စီးပွား ရေးစနစ်ကို လမ်းခင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီမိုကရေစီစနစ်စတင်လျှောက်လှမ်းချိန်၌လည်း ဈေးကွက်စီးပွားရေးစနစ်ကိုဆက်လက်ကျင့်သုံးခဲ့ရာ အစိုးရ ပထမသက်တမ်းငါးနှစ်အတွင်း နိုင်ငံ၏ GDP တိုးတက်မှု နှုန်းမှာ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိတိုးတက်ခဲ့ကြောင်း၊ ဒုတိယအစိုးရသက်တမ်းတွင် ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့စီးပွားရေးကျဆင်းခဲ့မှုများကို စီးပွားရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့်လေ့လာရန် လိုကြောင်း၊ စီးပွားရေးကျဆင်းခဲ့မှုများမှာ ပြည်ပ၏အကူ အညီအထောက်အပံ့များကို မှီခိုမှုများပြားခြင်းနှင့် ပြည် တွင်းစီးပွားရေးကိုအားပေးမှုမရှိခြင်း၊ စီမံခန့်ခွဲမှုအား နည်းချက်များရှိခြင်းကြောင့် စီးပွားရေးကျဆင်းခဲ့သည် ဟုယူဆကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ယခင် အစိုးရလက်ထက်မှ စီးပွားရေးကျဆင်းခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့မှုများကြောင့် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိကျဆင်းခဲ့ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်း များဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ၆ လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့နိုင်ငံ၏စီးပွားရေး မှာ ၈ ရာခိုင်နှုန်းခန့်ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ဒုတိယ ၆ လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိပြန်လည် တိုးတက်လာကြောင်း၊ ထိုသို့

**နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တပ်မတော်အစိုးရလက်ထက် ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို လမ်းခင်းဆောင်ရွက်ပေးခဲ့၊ ၂၀၁၁ ခုနှစ် ဒီမိုကရေစီစနစ် စတင်လျှောက်လှမ်း ချိန်၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ရာ အစိုးရ ပထမ သက်တမ်းငါးနှစ်အတွင်း နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း အထိတိုးတက်ခဲ့၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ၆ လတာကာလ အတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့ နိုင်ငံ၏ စီးပွားရေးမှာ ၈ ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခြင်းဖြစ်။**

တိုးတက်လာခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများ၊ လယ်ယာ၊ သားငါး ကဏ္ဍများ၊ သစ်တောကဏ္ဍများ၊ လူသားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကို အသုံးချနိုင်မှုကြောင့် နိုင်ငံစီးပွား ရေးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အနေဖြင့် အဆိုပါအတွေ့အကြုံများကိုယူ၍ ဆက်လက် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏စီးပွားရေးသည် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံရေးရည်မှန်းချက်**

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ် တွင် ဒီမိုကရေစီစနစ်သို့ကူးပြောင်းခဲ့ကြောင်း၊ ပထမဆုံး

အကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမပါရှိခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီပထမအစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုနိုင်ငံရေးလမ်းကြောင်းပေါ်သို့ ပါဝင်လျှောက်လှမ်းနိုင်ရေးအတွက် အချို့သောရွေးကောက်ပွဲစည်းမျဉ်း၊ ဥပဒေများကို သဘောထားကြီးမားစွာဖြင့် လျှော့ပေါ့ပြင်ဆင်ပေးခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲသမာမှုသံသယဖြစ်ဖွယ် များစွာတွေ့ရှိရသဖြင့် မဲစာရင်းရလဒ်များကို စစ်ဆေးဆောင်ရွက်ခဲ့ရာ မဲစာရင်းမှားယွင်းမှုများစွာကို တွေ့ရှိရကြောင်း။

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းကို မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းကပင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ပြဋ္ဌာန်းထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုလည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ကိုပြောကြားခဲ့ပြီး ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကိုပြင်ဆင်ရန်လည်း တပ်မတော်မှသဘောတူပြီးဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ပြင်ဆင်ရာတွင် ဒွိတာဝန်အရေးသုံးပါးကိုမထိခိုက်ရန်လိုကြောင်း၊ ဒွိတာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့တွင် အချုပ်အခြာအာဏာသည် ပြည်သူကဆင်းသက်လာသည့်အချုပ်အခြာအာဏာဖြစ်ကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာမခိုင်မြဲသည့်ကာလပတ်လုံး ပြည်တွင်း၊ ပြည်ပပဋိပက္ခများဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒွိတာဝန်အရေးသုံးပါးကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်၊ ရပ်တည်ချက်အဖြစ်ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အဆိုပါအချက်သုံးချက်ကိုပင် အဓိကထား၍ရေးဆွဲထားခြင်းဖြစ်သည်ကို သေချာစွာလေ့လာဖတ်ရှုမည်ဆိုပါက တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးဆဲအခြေအနေကို အညွန့်ချိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းတွင်လည်း အဆိုပါရွေးကောက်ပွဲမဲသမာမှုသည် အမည်းစက်တစ်ခုအဖြစ်ကျန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သောအခြေအနေမျိုးထပ်မံဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို မဖြစ်မနေအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ကိုပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် မိမိတို့အနေဖြင့် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပုံမှန်အခြေအနေဟုဆိုရာတွင် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ပုံမှန်အခြေအနေ၊ ၂၀၁၆ ခုနှစ် နိုင်ငံတော်၏ပုံမှန်အခြေအနေများနှင့် ယင်းအခြေအနေများထက် မနိမ့်သည့်အဆင့်နှင့်ဖြစ်နိုင်ပါကသာလွန်သည့် တိုင်းပြည်၏အခြေအနေကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် နိုင်ငံတော်ကို အာမခံချက်ပေးနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအနေဖြင့် မလျှော့သောဇွဲလုံ့လဖြင့် ရရှိသည့်ကာလအတွင်း ကြိုးစား၍တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ယခင်ကလည်းပြောကြားခဲ့ကြောင်း၊ မဲစာရင်းများသည် အကြိမ်ကြိမ်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နောက်ဆုံးမဲစာရင်းသည် ၃၈ သန်းနှင့် ၂ သိန်း ၇ သောင်းဟူ၍ထွက်လာခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မဲစာရင်းအပေါ်မူတည်ပြီး တွက်ချက်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်လာသည့်လူဦးရေတိုးတက်မှုနှုန်းမှာ ဖြစ်နိုင်ဖွယ်ရာအနေအထားတွင် မရှိသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ပျမ်းမျှအားဖြင့် ဒသမ ၈၅ ခန့်သာရှိသည့်အတွက် လူဦးရေတိုးတက်မှုနှုန်းသည် မည်သို့မျှဖြစ်နိုင်ဖွယ်မရှိသည်ကို တွေ့ရှိရကြောင်း။

မိမိတို့စတင်တာဝန်ယူစဉ် နေပြည်တော်စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ရှိသူများကသွားရောက်တွေ့ဆုံခဲ့ပြီး တရားဥပဒေနှင့်အညီရင်ဆိုင်ဖြေရှင်းရန် ရှင်းလင်းပြောဆိုခဲ့ကြောင်း၊ သို့သော်

လည်း ၎င်းတို့အနေဖြင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်မှုလမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းမှာလည်း ကြီးမားသည့်မှားယွင်းသည့် အမည်းစက်တစ်ခုပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် တရားဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲမသမာမှုဆောင်ရွက်ခဲ့သည့် အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့သည့်အပြင် ဒီမိုကရေစီတွင် ဥပဒေနှင့်ရင်ဆိုင်ဖြေရှင်းရမည်ကို ဥပဒေပြင်ပမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်လာခဲ့ပြီး မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီဖြစ်အောင် တတ်နိုင်သရွေ့ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်များအနေဖြင့်သိရှိနိုင်ရန်၊ စဉ်းစားဆင်ခြင်နိုင်ရန်၊ သင်ခန်းစာရယူနိုင်ရန်နှင့် ဖော်ထုတ်ချက်များကို သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

တက်ရောက်လာကြသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများအနေဖြင့်လည်း မိမိတို့၏လုပ်ဆောင်ချက်များကိုတင်ပြရာတွင် ထိထိမိမိဖြင့် တင်ပြစေလိုပြီး မိမိတို့ဒေသ၏ အကျိုး၊ တိုင်းပြည်၏အကျိုးကိုဦးတည်၍ ဆောင်ရွက်ရန်လိုအပ်သည်များကို တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်ပြီးစီးမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအားပေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက်ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်နေမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြင့် မြစ်ရေတင်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးစိုက်ပျိုးရေးချေးငွေများထုတ်ချေးပေးမှု၊ နိုင်ငံ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသုံးစွဲရန်နှင့် စိစစ်ကြပ်မတ်ရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းမှန်ကန်ရေးမြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုတွင် သွင်းကုန်ပို့ကုန်များတိုးတက်လာမှုနှင့် ပဲမျိုးစုံတင်ပို့မှုကို ဆက်လက်တင်ပို့နိုင်သဖြင့် ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်မှု၊ ဥပဒေရေးရာကိစ္စရပ်များ၊ မော်တော်ယာဉ်များ၏ နံပါတ်ပြားများလဲလှယ်နိုင်ရေးဆောင်ရွက်ရန်လိုအပ်မှု၊ ပညာရေးဝန်ထမ်းများလိုအပ်ချက်ရှိပါက ထပ်မံခန့်အပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် လုပ်ငန်းလမ်းညွှန်များကို စက်မှုဝန်ကြီးဌာနမှပြုစုထားသည့် အင်တာနက်စာမျက်နှာများတွင် အချိန်မရွေးကြည့်ရှုလေ့လာနိုင်မှု၊ နယ်စပ်ဒေသများနှင့် နယ်စပ်ဝင်ပေါက်နေရာများမှ ကိုဗစ် – ၁၉ ကူးစက်မှုများဝင်ရောက်လာနိုင်သဖြင့် နယ်စပ်ဒေသမှဝင်ရောက်မှုများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ပေးရန်လိုအပ်မှု၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ရာတွင် ဥပဒေအတိုင်းဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက နိုင်ငံတော်အတွင်းအကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားသည့် NUG နှင့် CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အချို့သောလက်နက်ကိုင်အဖွဲ့များက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှု၊ အပြစ်မဲ့သံဃာတော်များ၊ ပြည်သူများနှင့်ဝန်ထမ်းများကိုအကြောင်းမဲ့သတ်ဖြတ်ခဲ့မှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## KG + 9 ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက် အဖြစ်ထားရှိ

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ကားမှတ်ပုံတင်နံပါတ်ပြားများလဲလှယ်ခြင်းသည် လုံခြုံရေးကိစ္စရပ်များနှင့်သက်ဆိုင်သဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ လိုက်နာမှုအားနည်းနေသည်ကိုလည်းတွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ KG+9 ကိုနိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ်ထားရှိကြောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့်ပတ်သက်၍ အဆိုပါကျောင်းများသည် ပညာရေးဝန်ကြီးဌာန၊ MIC နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မည်သည့်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သည်ဖြစ်စေ မိမိတို့နိုင်ငံ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုများကို အလေးထားလိုက်နာရန်လိုကြောင်း၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အဆင့်ဆင့် စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

အချို့သောဒေသများတွင် နွေရာသီ၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးရေကိုထိန်းသိမ်း၍ ဆောင်ရွက်နိုင်ကြောင်း၊ အချို့သောဒေသများတွင် မိုးရေကိုခံယူ၍ တစ်နှစ်ပတ်လုံးသုံးစွဲကြသည်ကိုတွေ့ရှိရကြောင်း၊ ရေရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ စားရေရိက္ခာလုံလောက်စွာရရှိရေးအတွက် ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး စိုက်ပျိုးရေများကိုလည်း အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးအတွက် ပန်းတိုင်ရည်မှန်းချက်များအတိုင်းပြည့်မီအောင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

စက်သုံးဆီဈေးများမှာ မြင့်တက်လျက်ရှိပြီး မိမိတို့ အနေဖြင့် နှစ်စဉ်စက်သုံးဆီများများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့်စက်သုံးဆီသုံးစွဲမှုများကို လျှော့ချရန်နှင့် Public Transportation ကို ဦးစားပေးသုံးစွဲကြရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့် အသုံးပြု၍ဆောင်ရွက်ကြစေလိုကြောင်း။

အားကစားရုံနှင့်အားကစားကွင်းများတည်ဆောက်ရာတွင်အရှည်ကိုမျှော်တွေး၍ဆောင်ရွက်ကြစေလိုကြောင်း၊ အဆင့်မီသည့်အားကစားရုံများဖြစ်ရန်လိုကြောင်း၊ တိုင်း

> ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကိုသင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိ၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်၊ ထို့ကြောင့်စာရင်းဇယားများမှန်ကန်မှုရှိစေရေး ယခုအချိန် ကတည်းကပင် ဆောင်ရွက်ရမည်ဖြစ်၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်။ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲပေးခြင်း မပေးခြင်းသည် လူတစ်ဦးချင်း၏ဆန္ဒဖြစ်ပြီးလူတိုင်းမဲပေးနိုင်အောင် ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်။

ဒေသကြီးနှင့်ပြည်နယ်များအလိုက် လူဦးရေကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုပြီး ဝန်ကြီးချုပ်များအနေဖြင့်စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း။

စားရေးသည် လူသားတိုင်းအတွက်အရေးကြီးကြောင်း၊ ထို့ကြောင့်စားရေးအတွက် လိုအပ်ချက်ရှိသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် ဆန်နှင့် အသား၊ ငါးများ ဖူလုံရန်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဒေသအလိုက် ဆန်နှင့် အသား၊ ငါးများ ဖူလုံမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့်ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

## MSME လုပ်ငန်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့တွင် လုပ်နိုင်ကိုင်နိုင်သူများကို သာခန့်အပ်ထားခြင်းဖြစ်သည့်အတွက် အခက်အခဲအကျပ်အတည်းများစွာကိုကျော်ဖြတ်၍ အောင်မြင်စွာတာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့်ကာလကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်တွေ့ဆုံအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များကိုဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်ဖွံ့ဖြိုးမှုများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်နိုင်သည့် ထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူမည်ဆိုပါက ပြည်တွင်းစားသုံးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကိုလည်း ရရှိစေမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဝင်ငွေများရရှိမည်ဖြစ်ကာ ဒေသတွင်းနှင့်နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်၍ ဒေသအလိုက်စနစ်တကျဆောင်ရွက်ရန်လိုကြောင်း။

## တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ရန်လို

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိဖြင့် လိုအပ်သည့် ပမာဏကိုသာအသုံးချရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်၊ သစ်တောရှိရမည့်နေရာတွင်သစ်ပင်ရှိစေရေး သက်ဆိုင်ရာဒေသနှင့် ဝန်ကြီးဌာနများကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးသည်လည်းအရေးကြီးကြောင်း၊ တစ်ဦးချင်း၏တစ်ကိုယ်ရေသန့်ရှင်းမှု၊ သပ်ရပ်စွာ ဝတ်စားဆင်ယင်တတ်မှုမှသည် မိမိမြို့နယ်၊ မိမိဒေသ၊ မိမိတိုင်းပြည်တစ်ခုလုံးအထိ သန့်ရှင်းသာယာလှပနေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သာယာလှပပြီးပို့ဆောင်ဆက်သွယ်ရေးအစားအသောက်များအားလုံးကောင်းမွန်နေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်းတိုးတက်လာပြီး အခြေခံလူတန်းစားများ၏ ဝင်ငွေများတိုးတက်လာကာ ထိုမှတစ်ဆင့် နိုင်ငံ့ဝင်ငွေသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်ရေးအတွက် နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ တရား

မဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်နိုင်ရန်လိုကြောင်း။

**စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင်ဆောင်ရွက်ရမည်ဖြစ်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကိုသင်ခန်းစာယူပြီး မဲစာရင်းများမှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင်ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအပေါ်တွင်မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့်စာရင်းဇယားများမှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် **မဲပေးခြင်းမပေးခြင်းသည် လူတစ်ဦးချင်း၏ဆန္ဒဖြစ်ပြီးလူတိုင်းမဲပေးနိုင်အောင် ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊** (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့်ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ဆန္ဒကိုဖော်ထုတ်မဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေးမိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မဲစာရင်းများတိကျမှန်ကန်ရေး၊ လူတိုင်းမဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ယင်းကိစ္စများဆောင်ရွက်နိုင်ရန် ကျန်ရှိသည့်အချိန်တွင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာသည့် အခြေအနေနှင့်တိုးတက်မှုများအပေါ်မူတည်၍ရွေးကောက်ပွဲကိစ္စကို ထပ်မံသုံးသပ်ရမည်ဖြစ်သဖြင့် စနစ်တကျ အားထည့်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဆရာဝန်လိုအပ်လျက်ရှိသောဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၃ - ၁- ၂၀၂၃ )




စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျားၡ်လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်၏ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

**နိုင်ငံ၏ပထဝီမြေပြင်အနေအထားနှင့် ဝေးလံခေါင်ဖျားဒေသများ၏ ကျန်းမာရေးအခြေအနေ**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး တောတောင်ရေမြေ၊ တောင်တန်း၊ မြေပြန့်နှင့် မြစ်ဝှမ်းလွင်ပြင်အစရှိသည့် မြေမျက်နှာသွင်ပြင် စုံလင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သောဒေသများ

တွင် မိမိတို့တိုင်းရင်းသားများသည် နေရာအနှံ့ ပျံ့နှံ့နေထိုင်နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ သွားလာရခက်ခဲသည့် တောင်တန်းဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက လက်လှမ်းမမီခဲ့သည့်အတွက် ကျန်းမာရေးအဆင့်အတန်းသည် ခေတ်အဆက်ဆက်နိမ့်ကျခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ချင်းပြည်နယ်၏ လက်ရှိကျန်းမာရေးအခြေအနေကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏မျှော်မှန်းသက်တမ်း (Life Expectancy at Birth) သည် ၆၇ နှစ်ဖြစ်ပြီး ချင်းပြည်နယ်၏မျှော်မှန်းသက်တမ်းသည် ၆၃ ဒသမ ၃ နှစ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၁ နှစ်အောက်ကလေးသေဆုံးနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၂ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၈ ဦး၊ ၅ နှစ်အောက်ကလေးသေဆုံးနှုန်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၅ ဦးရှိပြီး ချင်းပြည်နယ်၌ ၂၅ ဦးရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိခင်သေဆုံးမှုအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁ သိန်း မွေးတိုင်း ၁၀၂ ဒသမ ၇ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၅၈ ဦးခန့်ရှိသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ငါးနှစ်အောက်ကလေးငယ်များ၌ အာဟာရချို့တဲ့မှုများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၆.၇ ရာခိုင်နှုန်းရှိရာ ချင်းပြည်နယ်ရှိ ကလေးငယ်များ၏ ၄၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ဝေးလံခေါင်ဖျားပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို မိမိတို့ တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားရမည်ဖြစ်ကြောင်း။

**ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ တပ်မတော်သား ဆေးမှူးအရာရှိများတာဝန်ထမ်းဆောင်ခဲ့မှု**

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်သား ဆေးမှူးအရာရှိများကို ၂၀၁၆ ခုနှစ်ကတည်းကစေလွှတ်ခဲ့ရာ ပထမအကြိမ် ၄၄ ဦး၊ ဒုတိယအကြိမ် ၄၄ ဦး၊ တတိယအကြိမ် ၄၆ ဦးနှင့် စတုတ္ထအကြိမ်တွင် ၁၈ ဦးဖြင့် ဆေးမှူးအရာရှိ (၁၅၂) ဦးကို လေးကြိမ်ခွဲ၍စေလွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တတိယအကြိမ် ဆေးအကာအကွယ်ပေးတာဝန်များကိုထမ်းဆောင်ရန်အတွက် ဆေးမှူးအရာရှိ ၄၆ ဦးကိုစေလွှတ်ခဲ့ရာ ၄၄ ဦး ပြန်လည်ရောက်ရှိလာခဲ့ပြီး ၂ ဦးသည် လုံလဲတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရင်း အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကိုခံခဲ့ရသည့်အတွက် ကျဆုံးခဲ့ရသည်ကိုလည်း စိတ်မကောင်းဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တတိယအကြိမ်စေလွှတ်ခဲ့သည့် တပ်မတော်သား ဆေးမှူးများသည် တွန်းဇံ၊ မတူပီ၊ မှောင်တလန်၊ လဟယ်နှင့် နန်းယွန်းအစရှိသည့်ဒေသများတွင်ရှိသည့် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၂၃ နေရာ၌ ၂ နှစ်နှင့် ၃ လကြာတာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုအထဲမှ ဆေးမှူးအရာရှိနှစ်ဦးဖြစ်သည့် ဗိုလ်ကြီးလှိုင်မြင့်ထွန်းနှင့် ဗိုလ်ကြီးဝင်းကျော်တို့နှစ်ဦးသည် ကျရာတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းကို ခံခဲ့ရသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

> **လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဘဝများ ရှင်သန်ရပ်တည်ရန် တစ်ဦးချင်းစီ၏ မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်နေရန်လို၊ ပြည်သူတစ်ဦးချင်းစီ၏မျှော်လင့်ချက် ပန်းတိုင်ရှင်သန်ခြင်းမှသည် မိသားစုနှင့် နိုင်ငံတော်၏ မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်စေပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အောင်မြင်မှုကိုရရှိလာနိုင်မည်ဖြစ်။**

လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ဘဝများ ရှင်သန်ရပ်တည်ရန် တစ်ဦးချင်းစီ၏မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်နေရန်လိုကြောင်း၊ **ပြည်သူတစ်ဦးချင်းစီ၏မျှော်လင့်ချက်ပန်းတိုင်ရှင်သန်ခြင်းမှသည် မိသားစုနှင့် နိုင်ငံတော်၏**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျားး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသည့် ဆေးရုံများတွင် တပ်မတော်သား ဆရာဝန်များ တာဝန်ထမ်းဆောင်ခဲ့မှု အနေဖြင့် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ် အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သား ဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄၆ ဦးဖြင့် လည်းကောင်း တာဝန်လဲလှယ်ထမ်းဆောင်ခဲ့ကြပြီး ယခု ၂၀၂၂ခုနှစ်တွင်လည်း တပ်မတော်သားဆရာဝန် ၁၈ ဦးသည် စတုတ္ထအကြိမ်အဖြစ် သွားရောက်တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိ။

**မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်စေပြီး လူ့အဖွဲ့အစည်း တစ်ခုလုံး၏ အောင်မြင်မှုကိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊** ထို့ကြောင့် ထိုကဲ့သို့ဝေးလံခေါင်ဖျားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများအနက် ၇၆ ဦးကို ဆေးပညာမဟာသိပ္ပံသင်တန်း တိုက်ရိုက်တက်ရောက်ခွင့်ပြုခဲ့ပြီးဖြစ်သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ **ဆေးမှူးအရာရှိများအနေဖြင့်လည်း မိမိတို့၏ဘဝမျှော်လင့်ချက်ပန်းတိုင်ကိုရောက်ရှိအောင် မျက်ခြေမပြတ် ဆက်လက်ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကိုတိုးတက်အောင်ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုရရှိခဲ့သည့် ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ရှည်သည်းခံမှု၊ ရောင့်ရဲတင်းတိမ်မှုများကို မလျှော့ကြရန်မှာကြားလိုကြောင်း။**

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများအနက် ထူးခြားချက်အနေဖြင့် တပ်မတော်သားဆေးမှူးအရာရှိတစ်ဦးသည် ၂၀၁၈ ခုနှစ်တွင် မတူပီမြို့နယ် ပြည်သူ့ဆေးရုံမှာ ပထမအကြိမ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယခု ၂၀၂၂ ခုနှစ်တွင်လည်း ဒုတိယအကြိမ်အနေဖြင့် မိမိဆန္ဒအလျောက် လဟယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ထပ်မံသွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည့်အတွက် ချီးကျူးဂုဏ်ယူကြောင်းကို ပြောကြားလိုပါကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ရှိသည့် တိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာတွင် ပထမအကြိမ်အနေဖြင့် ဒေသခံပြည်သူလူထု ၂၀၂၃၂ ဦး၊ ဒုတိယအကြိမ်အနေဖြင့် ၁၇၁၀၈၄ ဦး၊ တတိယ အကြိမ်အနေဖြင့် ၉၃၆၀၀ ဦး၊ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ပြုစုစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးနှင့် သားဖွားမီးယပ်ရောဂါ၊ မျက်စိနှင့် နား၊ နှာခေါင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ အစရှိသည့်ရောဂါများ ခံစားနေရသည့် ဒေသခံပြည်သူလူထုကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အရေးနှင့်ပတ်သက်ပါက အစဉ်အမြဲဦးထိပ်ထားဆောင်ရွက်ပေးလျက်ရှိသည်ကို ဖော်ပြလျက်ရှိသည့် အချက်များပင်ဖြစ်ကြောင်း။

**ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို အစဉ်အဆက်ဆောင်ရွက်ပေးလျက်ရှိ**

ယခုအချိန်သည် နိုင်ငံတကာနှင့် နိုင်ငံအတွင်း၌ပါ ကပ်ရောဂါဘေးဒဏ်များနှင့် ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းမှုများ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများအနေဖြင့် လူဦးရေ ၁၀၀၀ တွင် အနည်းဆုံး ဆရာဝန် ၁ ဦးနှင့် ကျန်းမာရေးလုပ်သား အနည်းဆုံး ၂ ဒသမ

၃ ဦးရှိသင့်ကြောင်းသတ်မှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် လူဦးရေ ၁၀၀၀ ၌ ဆရာဝန် ၀ ဒသမ ၃၇ ဦး၊ ကျန်းမာရေးလုပ်သား ၁ ဒသမ ၄၇ ဦးရှိသည်ကို တွေ့ရှိရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ထက် လျော့နည်းနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာသေးမီကဖြစ်ပွားခဲ့သော နိုင်ငံရေးပဋိပက္ခတွင် ကျန်းမာရေးဝန်ထမ်းအချို့သည် လုပ်ငန်းခွင်စွန့်ခွာမှုများ ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံအတွင်း၌ရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားမှာ များစွာလျော့နည်းခဲ့ရကြောင်း၊ ထိုကဲ့သို့လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဖြည့်ဆည်းနိုင်ရန် တပ်မတော်ဆေးရုံ၊ ဆေးပေးခန်းများတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ ပြင်ပလူနာ၄၄၉၈၉၂ ဦး၊ ဆေးရုံတက် လူနာ ၁၃၇၀၈၀ ဦးကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေးတို့နှင့်ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်သည့်နေရာတွင် **တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့်ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းကဆောင်ရွက်လျက်ရှိကြောင်း၊** ယခုကဲ့သို့ ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များထမ်းဆောင်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကိုပြောကြားလိုကြောင်း၊ **နောင်လာမည့်အနာဂတ်တွင်လည်း ဆရာဝန်တစ်ဦးအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာတိုးတက်ရေးကို ဆောင်ရွက်ရမည့်နည်းတူ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကိုလည်း ဦးထိပ်ထား ဆက်လက်ဆောင်ရွက်သွားကြရန်မှာကြားလို**ကြောင်းပြောကြားသည်။

■ ■ ■

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည့်အမှာစကား

( ၁၅ - ၁- ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၅ ရက်နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင် အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်း

**ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်၊ ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာ စိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက် ကြရန်လို၊ ရွှေအပါအဝင် သဘာဝမှပေးအပ် ထားသည့် သယံဇာတအရင်းအမြစ်များစွာ ကြွယ်ဝသည့်ဒေသတစ်ခုလည်းဖြစ်၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိ၊ စီးပွားရေးလုပ်ငန်း များကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုး တိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက် နေခြင်းဖြစ်၊ MSME လုပ်ငန်းများကို အားပေး ဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်း ထုတ်ကုန်များတင်ပို့နိုင်ရန် စသည့် ရည်ရွယ် ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်။**

ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက်ထုတ်ကုန် အမယ်သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားတည်ဆောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီဇော်က ချင်းတွင်းတံတား (ထမံသီ) စီမံကိန်းဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များဖြစ်သည့် NTT သစ်ပါးလွှာစက်ရုံမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ရန်၊ လက်ဖက်လုပ်ငန်းရှင် ဒေါ်ခင်နှင်းခိုင်၊ ငါးခြောက်လုပ်ငန်းရှင် ဦးစိန်လွင်နှင့် ရာဘာလုပ်ငန်းရှင် ဦးကျော်စွာလွင်တို့က သစ်ပါးလွှာစက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး သစ်စိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူလူထု၏အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်ကိုလည်း ဆောင်ရွက်ပေးနိုင်မှု၊ ထွက်ရှိလာသည့် သစ်ပါးလွှာများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့ကြီးများသို့ပို့ဆောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ကုန်ကြမ်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် လက်ဖက်လုပ်ငန်းကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းကပင် လုပ်ကိုင်ခဲ့ကြပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက်လက်ဖက်လုပ်ငန်းများ၏ ဈေးကွက်ရရှိမှု၊ ရေရှည်တည်တံ့စေရေးနှင့် လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် နိုင်ငံတော်မှ ငွေကြေးအရင်းအနှီးများ မတည်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းထွက်ရှိသည့် ငါးများကို ငါးခြောက်၊ ငါးကြပ်တင်ခြင်းလုပ်ငန်းများကို မိရိုးဖလာစီးပွားရေး

လုပ်ငန်းတစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ဒေသတွင်း အင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးနေမှုများကို ဒေသခံ လုပ်ငန်းရှင်များမှ အထူးပင်ကျေးဇူးတင်ရှိမှု၊ ဟုမ္မလင်း ဒေသအတွင်း ၂၀၁၅ ခုနှစ်မှစတင်၍ ရော်ဘာလုပ်ငန်း များကိုဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးတက် ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ် ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိမှုနှင့် ချေးငွေရယူလိုသည့်လုပ်ငန်း ရှင်များအနေဖြင့် သက်ဆိုင်ရာဘဏ်များနှင့်ချိတ်ဆက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူသွားရန်လိုအပ်မှု၊ ချေးငွေ ရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ် မှု၊ MSME လုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများ ကို နိုင်ငံတော်မှ သင့်တင့်သည့်အတိုးနှုန်းများဖြင့် ထုတ် ချေးပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများကို မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မ လင်းခရိုင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက် ပေးထားမှုနှင့် လျှပ်စစ်မီးရရှိခြင်းမရှိသေးသည့် ကျေးရွာ များ လျှပ်စစ်မီးရရှိရေးအတွက်ဆောင်ရွက်လျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ယခင်ကထက်များစွာတိုးတက်ပြောင်း လဲလာသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် များစွာ ဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် ဟုမ္မလင်းဒေသအတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသ၏အဓိကလိုအပ်ချက်ဖြစ် သည့်လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေး ခဲ့ကြောင်း၊ ယနေ့တွင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ချီးမြှင့်ပေးနိုင်ရေးဖိတ်ကြားခဲ့သည့်အတွက်

> မိမိတို့နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်း ခန့်သည် အလယ်တန်းပညာအရည်အချင်း အောက်၌သာရှိ၊ ၂၅ နှစ်အထက်လူဦးရေ ၈ ရာခိုင်နှုန်းခန့်သည် စာလုံးဝ တတ်မြောက်ခြင်းမရှိသည်ကို စာရင်း ဇယားအချက်အလက်များအရ တွေ့ရှိ၊ ကျောင်းနေအရွယ် ကလေးငယ်များ အားလုံး ကျောင်းတက်ရောက်ရန်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဖြစ်၊ အစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ် များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်း တက်ရောက်ရန် အားပေးဆောင်ရွက်ကြ စေလိုပြီး ပညာရေးကိုအားပေးဆောင်ရွက် ကြစေလို၊ လူတစ်ဦးချင်းစီ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံ လိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလို။

ဟုမ္မလင်းဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များလျော့ပါးစေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာစိုက်ပျိုးခြင်းများကိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်း၌ မြေပဲ၊ နှမ်း၊ ဆီမုန်ညင်းတို့လည်း စိုက်ပျိုးကြကြောင်း၊ ဝါးသယံဇာတနှင့် ကြိမ်များလည်းထွက်ရှိကြောင်း၊ ရွှေအပါအဝင် သဘာဝမှပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များစွာ ကြွယ်ဝသည့်ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များလည်းထွက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

ဟုမ္မလင်းဒေသတွင် ဒေသတွင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရှိပြည်သူများ၏ ဝင်ငွေသည်လည်း များစွာတိုးတက်လာမည်ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝသည်လည်းမြင့်တက်လာမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းဒေသ၌ အရည်အသွေးကောင်းမွန်သည့် ဆန်နှင့်အခြားစိုက်ပျိုးရေးထုတ်ကုန်များထွက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သုံးရေရရှိရေးကိုလည်း ချင်းတွင်းမြစ်မှမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင်မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ရှိပြီး မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေကို နည်းစနစ်တကျပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေဖူလုံစွာရရှိရန်၊ မှန်ကန်သည့်စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ဖြစ်ထွန်းသည့် ရာသီစိုက်ပျိုးမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံ၏ ရာသီထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်အဝန်း စိုက်ပျိုးမွေးမြူရေး၊ အထက်တန်းကျောင်းများနှင့် သိပ္ပံများဖွင့်လှစ်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အဓိကထားအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်

ရှက်နိုင်ရေးအတွက် သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် မြေဩဇာ အခက်အခဲ၊ လျှပ်စစ်စွမ်းအားအခက်အခဲများကို နည်းလမ်းအမျိုးမျိုးဖြင့် ကျော်လွှားနိုင်သည်ဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို မိမိတို့အနေဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ယာဉ် ၁ သန်းကျော်၊ မော်တော်ဆိုင်ကယ် ဖ သန်းကျော်ခန့်ရှိပြီး နေ့စဉ်စက်သုံးဆီဂါလန်ပေါင်းများစွာ သုံးစွဲလျက်ရှိကြောင်း၊ ထို့ကြောင့် တတ်နိုင်သရွေ့ လောင်စာဆီချွေတာသုံးစွဲရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့်ရင်းနှီးမတည် ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် အလယ်တန်းပညာအရည်အချင်းအောက်၌သာရှိကြောင်း၊ ၂၅ နှစ်အထက်လူဦးရေ ၈ ရာခိုင်နှုန်းခန့်သည် စာလုံးဝ တတ်မြောက်ခြင်းမရှိသည်ကို စာရင်းဇယားအချက်အလက်များအရတွေ့ရှိရကြောင်း၊ အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ရန်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်ရန် အားပေးဆောင်ရွက်ကြစေလိုပြီး ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကိုအားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်**

မိမိအနေဖြင့် ဒေသတွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်းလည်ပတ်ရင်းနှီးငွေများစွာရှိခြင်းသည်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချကြစေလိုကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၁၅ - ၁ - ၂၀၂၃ )



နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်လဟယ်မြို့သို့ရောက်ရှိကြရာအနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသားမျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

**ရိုးရာကွင်းသို့ရောက်ရှိ**

ထို့နောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပမည့် လဟယ်မြို့၊ ရိုးရာကွင်းနေရာသို့ ရောက်ရှိနေရာယူကြသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ဗဟို) နာယက ဦးမောင်ညာဏ်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ နာဂမျိုးနွယ်စုတိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများတက်ရောက်ကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊ နာဂရိုးရာနှစ်သစ်

ကူးပွဲတော်သို့ ယခုကဲ့သို့ ကိုယ်တိုင်တက်ရောက်ခွင့်ရသည့် အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာပြော ကြားလိုပါကြောင်း၊ မင်္ဂလာရှိလှသည့် နာဂလူမျိုးတို့၏ နှစ်သစ်ကူးပွဲတော်၌ နာဂဒေသအတွင်း မှီတင်းနေထိုင် ကြသော တိုင်းရင်းသားလူမျိုးများနှင့် မိမိတို့ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကောင်းကျိုး ချမ်းသာမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူ ကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦးတန်ဖိုး ထားပြီး လေးစားမှုဖြင့်အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ မွေးဖွားရာဇာတိ၊ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်း သည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်ကဲ့သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေ တည်းသောက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများပမာ လက်တွဲ နေထိုင်ခဲ့ကြပါကြောင်း၊ နာဂလူမျိုးဆိုသည်မှာလည်း နာဂ တိုင်းရင်းသားတို့၏ မျိုးနွယ်စုတစ်ခုချင်းစီတို့၏ လူမျိုး၊ ဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့်မသက် ဆိုင်ဘဲ အားလုံးသော နာဂမျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုအနွယ်တူများအားလုံးကို ပေါင်းစည်းဆိုလိုခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် နာဂတိုင်းရင်း သားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီ အစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ် ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုး များ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းစဉ်လာများ တိမ် ကောပပျောက်မှုမရှိအောင် အလေးထားထိန်းသိမ်းစောင့် ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့တာဝန်အရပ်ရပ်ကို

> မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ် အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း များနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက် သွားကြရမည်ဖြစ်၊ လူနေမှုဘဝများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်း စဉ်လာများ တိမ်ကောပပျောက်မှုမရှိအောင် အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလို၊ တည်ငြိမ်အေးချမ်းပြီးဖြစ်သည့် နာဂဒေသကို ယခုထက် ပိုမိုတည်ငြိမ်အေးချမ်း အောင် နာဂဒေသတွင်ရှိသည့် တိုင်းရင်းသား အားလုံး ကြိုးပမ်းဆောင်ရွက်သွားကြစေလို၊ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင်လည်း မိမိတို့ ပြည်ထောင်စုအစိုးရ၊ စစ်ကိုင်း တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ တို့နှင့်အတူ တိုင်းရင်းသားပြည်သူလူထု များက တက်ညီလက်ညီဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက် လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံ မူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကိုချမှတ်လျက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုပါက နိုင်ငံတော်တစ်ဝှမ်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ်၌ ပြည်သူများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ အစိုးရအဖွဲ့နှင့် အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ **တည်ငြိမ်အေးချမ်းပြီးဖြစ်သည့် နာဂဒေသကို ယခုထက် ပိုမိုတည်ငြိမ်အေးချမ်းအောင် နာဂဒေသတွင်ရှိသည့် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။**

တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင်လည်း မိမိတို့ ပြည်ထောင်စုအစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသားပြည်သူလူထုများက တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင်လည်း တစ်ဦးချင်းစီ တာဝန်ယူတတ်သည့်စိတ်ဓါတ်များမွေးမြူပြီး စေတနာအပြည့်ဖြင့်ဆောင်ရွက်ကြရန်လည်းလိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ကျပ် ၅ ဘီလီယံ မတည်ထောက်ပံ့ပေးမှုများအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်ပြီး မြို့ရွာများဖွံ့ဖြိုးတိုးတက်နေကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နာဂဒေသ၏ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ကဏ္ဍအားလုံးကို ယခုထက်ပိုမိုမြှင့်တင်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂတိုင်းရင်းသားများ၏ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများ အချိုးညီညီဖွံ့ဖြိုးတိုးတက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုအချိန်သည် နာဂတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး အလွန်မင်္ဂလာရှိလှသည့် နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ပြောကြားသည်။

■ ■ ■

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၁၆ - ၁ - ၂၀၂၃ )




နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးအစည်းအဝေးကို ဇန်နဝါရီလ ၁၅ ရက်နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့၊ မာလာတောင်အားကစားခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်တို့မှဒေသနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီမှတာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်သည်များကို တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှု၊ ကျေးလက်ဒေသများမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများထောက်ပံ့ပေးမှု၊ ပညာသင်ကြားရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင်ထောက်ပံ့ပေးမှုနှင့်အဆောက်အဦများဆောက်လုပ်ပေးမှု၊ တောင်ယာလုပ်ငန်းမှ လယ်ယာလုပ်ငန်းသို့ပြောင်းလဲနိုင်ရေးလိုအပ်သည့် အထောက်အကူပြုပစ္စည်းများထောက်ပံ့ဆောင်ရွက်ပေးမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ချေးငွေများထုတ်ချေးပေးလျက်ရှိမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှု တို့ကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းထွန်းဝင်းက နာဂဒေသအတွင်း တိုင်းရင်းသားလူမျိုးများနေထိုင်မှု၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား

မှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးလျက်ရှိမှုနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ လမ်းပန်းဆက်သွယ်ရေး အဆင့်မြှင့်တင်ပေးစေလိုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့မှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီအသီးသီးရှိတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှုများကို တင်ပြရာတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်ရာတွင် မြေနေရာအခက်အခဲလိုအပ်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့ကို တင်ပြကြသည်။

**တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် နာဂဒေသအတွင်း ပွဲကြည့်စင်နှင့် ပြေးလမ်းပါအားကစားကွင်းတစ်ခုကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးစီးပါကဒေသခံများအနေဖြင့်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပွဲတော်များပြုလုပ်ခြင်းသည် အမြဲတမ်းဆောင်ရွက်သည်မဟုတ်သဖြင့် သီးခြားမြေနေရာသတ်မှတ်ဆောင်ရွက်ခြင်းထက် ပွဲပြုလုပ်သည့် စင်မြင့်များကို အလွယ်တကူဖြုတ်တပ်ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ရေအားလျှပ်စစ်ထုတ်ယူမှုများကိုဆောင်ရွက်ရာတွင် မြစ်၊ ချောင်းများကိုပိတ်၍ လျှပ်စစ်ထုတ်ယူခြင်းထက် တစ်ဖက်ပိတ်ပုံစံဖြင့် အမြဲတမ်းလျှပ်စစ်ဓာတ်အားရရှိသကဲ့သို့ အမြဲတမ်းရေရရှိရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အမီ ချင်းတွင်းမြစ်ကူးထမံသီတံတားပြီးစီးရေးနှင့် ထမံသီအထိ ကတ္တရာလမ်းခင်းကျင်းပေးနိုင်ရေး ရည်မှန်းချက်ထားကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စာရာမေရီတောင်ခြေရှိ လေရှီး-လဟယ်ဆက်သွယ်ထားသည့်မြေသားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအတတ်ပညာများပါဝင်သည့် အခြေခံပညာအထက်တန်းကျောင်းတစ်ခုကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သိပ္ပံအဆင့်အထိ အဆင့်ဆင့်တက်လှမ်းနိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ခရီဖိုင်းအသားခြောက်လုပ်ငန်းရှင် ဒေါ်အလင်းသေးနှင့် Memory ရိုးရာအထည်လုပ်ငန်းရှင် ဒေါ်ချယ်ရီပန်းတို့က အသားခြောက်လုပ်ငန်းများကို ဒေသတွင်းအဆင့်မှ ပြည်တွင်းဈေးကွက်များအထိ တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးစေရေးအတွက် လျှပ်စစ်မီးလိုအပ်ချက်ရှိမှု၊ ဒေသရိုးရာပစ္စည်းများနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရေးအတွက် ရိုးရာအထည်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) မြှင့်တင်ရေး ရင်းနှီးမတည်ငွေများဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ပေးထားရှိမှုနှင့် မှန်မှန်ကန်ကန်နှင့်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့်အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေး

လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ရေအားလျှပ်စစ်ထုတ်ယူမှုများကိုဆောင်ရွက် ရာတွင် မြစ်၊ ချောင်းများကိုပိတ်၍ လျှပ်စစ် ထုတ်ယူခြင်းထက် တစ်ဖက်ပိတ်ပုံစံဖြင့် အမြဲတမ်းလျှပ်စစ်ဓာတ်အားရရှိသကဲ့သို့ အမြဲတမ်းရေရရှိရေးအတွက်လည်း စဉ်းစား ဆောင်ရွက်သွားကြရမည်ဖြစ်၊ တောင်ယာ များစိုက်ပျိုးခြင်းထက် လှေခါးထစ်ပုံစံ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက် ကြစေလိုပြီး ဒေသတွင်း စားရေးဖူလုံစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလို၊ မွေးမြူရေးနှင့် ပတ်သက်၍ မွေးမြူရေးလုပ်ငန်းများကို မိရိုး ဖလာနည်းထက် ခေတ်မီနည်းဖြင့် စနစ်တကျ ဆောင်ရွက်မည်ဆိုပါက ပိုမိုဖြစ်ထွန်းမည် ဖြစ်ပြီး ဒေသအတွက်အကျိုးရှိစေမည်ဖြစ်။

သွားမည်ဖြစ်သဖြင့် ဒေသတွင်းရှိဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်လိုအပ်မှု၊ နာဂဒေသအတွင်း လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မည့် သယံဇာတများကို စူးစမ်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နာဂဒေသအတွင်း ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဒေသတွင်း အခြေခံကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားရာတွင် ၂၀၂၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ချီးမြှင့်ပေးနိုင်ရေးဖိတ်ကြားခဲ့ပြီး တက်ရောက်ခဲ့ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဒေသများကို ကိုယ်တိုင်သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ၊ တင်ပြချက်များအပေါ် တတ်နိုင်သရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ မလာရောက်မီကပင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုဆောင်ရွက်ပေးနိုင်ရန် အဓိကအလေးထားစဉ်းစားခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဒေသတွင်နေထိုင်ကြသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် အကျိုးရှိပြီးထိရောက်မှုရှိသည်ဖြစ်သဖြင့် ယခုကဲ့သို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြနိုင်ရန်နှင့် လိုအပ်သည်များကိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းအရာများစွာရှိပြီး အထူးသဖြင့် စားရေရိက္ခာဖူလုံပေါ်များရေးပင်ဖြစ်ကြောင်း၊ နာဂဒေသတွင် ဒေသဝမ်းစာ ဆန်ဖူလုံမှုမရှိသည်ကိုသိရှိရကြောင်း၊ ထို့ကြောင့် ပုံမှန်စားသုံးသည့်ဆန်များပိုမိုရရှိရေး စပါးစိုက်ဧကများ ထပ်မံတိုးချဲ့ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းများကိုဆောင်ရွက်၍ရကြောင်း၊ သို့သော် နာဂဒေသသည် တောင်တန်းဒေသဖြစ်သည့်အတွက် စိုက်ပျိုးဧကများထပ်မံတိုးချဲ့ရန်အခက်အခဲရှိကြောင်း၊ ထို့ကြောင့် စားရေးကိုအထောက်အကူပြုစေသည့် ဆန်စပါးအထွက်တိုးအောင်ကြိုးစားစိုက်ပျိုးမှုအပြင် ဒေသတွင်းဖြစ်ထွန်းသည့် "ဝ" ဥစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဧကအထွက်နှုန်းတိုးတက်စေရန်အတွက် မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ယာများစိုက်ပျိုးခြင်းထက် လှေခါးထစ်ပုံစံကုန်းမြင့်လယ်စိုက်ပျိုးခြင်းကိုဆောင်ရွက်ကြစေလိုပြီး ဒေသတွင်းစားရေးဖူလုံစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းထက် ခေတ်မီနည်းဖြင့် စနစ်တကျဆောင်ရွက်မည်ဆိုပါက ပိုမိုဖြစ်ထွန်းမည်ဖြစ်ပြီး ဒေသအတွက်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်

မျိုးကောင်းမျိုးသန့်များရရှိရန်၊ စိုက်ပျိုးမြေကောင်းမွန်ရန်၊ တိရစ္ဆာန်များအတွက် အစာအာဟာရများလုံလောက်စွာ ရရှိရန်လိုကြောင်း။

ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ဒေသဦးစီးအဖွဲ့မှ ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဒေသတွင်းမှထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေရှည်ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ဖက်စိုက်ပျိုးခြင်းကိုလည်း ဒေသထုတ်ကုန်တစ်ခုအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ လက်ဖက်နှင့်ကော်ဖီကို နာဂဒေသ၏ အဓိကထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ လိမ္မော်သီးနှင့်အခြားအသီးအနှံများကို စိုက်ပျိုး၍ ထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအလိုက်ထုတ်ကုန်များ ပိုမိုတိုးတက်အောင်ထုတ်လုပ်ကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ကျန်းမာရေးနှင့် ပညာရေး**

ကုန်ထုတ်လုပ်မှုရှိမှသာလျှင် ဝင်ငွေရှိမည်ဖြစ်ပြီး ဝင်ငွေရရှိမှသာလျှင် ဒေသတွင်နေထိုင်သူများနှင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်များဆောင်ရွက်နိုင်ရန်၊ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ရန် အဓိကလိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ယခင်သမ္မတကြီး ဦးသိန်းစိန်နှင့်အတူလာရောက်ခဲ့စဉ် နာဂဒေသအတွင်း၌ ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်ရှိကြောင်းကို တင်ပြချက်များအရသိရှိခဲ့ရသဖြင့် တပ်မတော်သားဆေးမှူးအရာရှိများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝေးလံခေါင်ဖျားဒေသများမှ တိုက်နယ်ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရေးစေလွှတ်၍ တာဝန်ပေးအပ်ခဲ့ကြောင်း၊ ကျန်းမာရေးသည်အရေးကြီးပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် အခြားကိစ္စရပ်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးကုသမှုတစ်ခုတည်းသာမက ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်သွားလာစားသောက်မှုပုံစံရှိစေရေး မိမိကိုယ်မိမိ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ နာဂဒေသတွင် ပညာရေးလိုအပ်ချက်ရှိသည်ကိုတွေ့ရှိရပြီး ယခုအခါ ထိုက်သင့်သလောက်တိုးတက်လာပြီဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းအဆင့် တက်ရောက်အောင်မြင်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းလိုအပ်ချက်များအတွက် နိုင်ငံတော်မှဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ အသိပညာ၊ အတတ်ပညာများမြင့်မားစေရေး ပညာရေးကိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြှင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိပြီး နာဂဒေသတွင်လည်း ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မိမိတို့၏သားသမီးများအားလုံး ပညာတတ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့မှတာဝန်ရှိသူများက ဥပဒေအရ ဖြေရှင်းခဲ့ခြင်းမရှိသဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေ

> **ကုန်ထုတ်လုပ်မှုရှိမှသာလျှင် ဝင်ငွေရှိမည်ဖြစ်ပြီး ဝင်ငွေရရှိမှသာလျှင် ဒေသတွင်နေထိုင်သူများနှင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ ပညာရေးမြှင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိပြီး နာဂဒေသတွင်လည်း ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မိမိတို့၏ သားသမီးများအားလုံး ပညာတတ်များဖြစ်စေရေး ကြိုးပမ်းဆောင် ရွက်သွားရန်လို။**

အနေကြောင့်ညာ၍ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့တာဝန်ယူထမ်းဆောင်ချိန်တွင် NLD ပါတီကိုထောက်ခံသည့်သူများက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရေး ဆူပူဆန္ဒပြမှုများဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင်လည်း ဥပဒေနှင့်အညီသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

**နာဂဒေသအတွင်း လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**

လဟယ်ဒေသတွင် လျှပ်စစ်ဓာတ်အားထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေရှီးဒေသတွင်လည်း လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နန်းယွန်းဒေသတွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးများလိုအပ်ကြောင်း၊ ဒေသအလိုက်ထုတ်ကုန်များကိုထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ဝင်ငွေများပိုမိုရရှိလာမည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အဆိုပါလုပ်ငန်းရပ်များအားလုံးတိုးတက်အောင် မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။

■ ■ ■

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် လဟယ်မြို့ရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၆ - ၁ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၁၆ ရက် မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ လဟယ်မြို့ရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာ၌ လဟယ်ဒေသသည် ဝေးလံသည့်ဒေသတစ်ခုဖြစ်ပြီး ဝေးလံခေါင်ဖျားသည့် ဒေသတွင်တာဝန်ထမ်းဆောင်မှုအတွက် ဂုဏ်ယူပါကြောင်း၊ လဟယ်ဒေသရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ထပ်မံတွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှုအခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်တာဝန်များထမ်းဆောင်ခြင်း မပြုမီအချိန်ကတည်းကပင် နိုင်ငံတော်၏စီးပွားရေးမှာ ကျဆင်းလျက်ရှိသကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းမှုနှင့်အတူ မိမိတို့နိုင်ငံသည်လည်း စီးပွားရေးကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲ၊ အကျပ်အတည်းများကြားမှ နည်းလမ်းပေါင်းစုံဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်တွင်း

ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် အသေးစား၊ အလတ်စားနှင့် အငယ်စား(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် နိုင်ငံ၏စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီဖြစ်ကြောင်း။

**စွမ်းရည်၊ စွမ်းအားရှိသည့် တပ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

တပ်မတော်၏မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းရည်သုံးရပ်ဖြစ်သည့် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်များပြည့်ဝနေရန်လိုကြောင်း၊ စွမ်းရည်များတိုးတက်စေရေးအတွက် အမြဲလေ့ကျင့်နေရမည်ဖြစ်ပြီး စွမ်းအားများတိုးတက်စေရေးအတွက်လည်း တပ်မတော်ကို အဆင့်မြှင့်တင်ခြင်းများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဦးချင်းစွမ်းရည်များတိုးတက်စေရန်အတွက် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ သွားလာမှုများကို စနစ်တကျဖြင့်ဆောင်ရွက်မည်ဆိုပါက စွမ်းရည်ရှိသည့် တပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စနစ်တကျဖြင့် နေထိုင်ဆောင်ရွက်ပြီး စွမ်းရည်ရှိသည့်တပ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် ဒေသခံတပ်များဖြစ်သည့်အတွက် ဒေသတွင်တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် အတူတကွ ပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် ဒေသ၏ကောင်းရာကောင်းကျိုးများကိုလည်း စွမ်းဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက်လည်း အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံနှင့် စစ်သည်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြည့်ဝစွာရရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပြီး လူမှုဘဝတိုးတက်ရေး ဆောင်ရွက်ကြရမည်**

ထို့ပြင် မိမိဘဝအတွက် အကျိုးမရှိသည့်အရက်သေစာသောက်စားခြင်းများကိုလည်း တတ်နိုင်သမျှအသိတရားဖြင့် ထိန်းသိမ်းကြရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်နှင့်ကွမ်းသုံးစွဲမှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက် တပ်မတော်မှစီမံဆောင်ရွက်ပေးထားသကဲ့သို့ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝတ်ရေးနှင့်နေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် မိမိတို့နေထိုင်သည့်နေအိမ်များ ရေရှည်တည်တံ့ရေးအတွက်လည်း စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းနေထိုင်သွားရန်လိုကြောင်း၊ တပ်မတော်မှ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ အခြေခံလိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် မိမိဘဝကို မိမိမြှင့်တင်ရန် မိမိကိုယ်တိုင်ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း။

မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးရှိ စာကြည့်တိုက်များ၌ စာအုပ်စာစောင်များ အမြဲမပြတ်ရရှိစေရန် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဘဝတိုးတက်စေရေး အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင်ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံပင်မရေငုပ်နှင့်ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၉ – ၁ – ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ်၊ သံတွဲမြို့အနီးရှိနယ်မြေခံပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်လေ့ကျင့်ခန်း သရုပ်ပြသမှုနှင့် သရုပ်ပြလေ့ကျင့်နေမှုများဆောင်ရွက်မည့် နယ်မြေခံရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ် Floating Jetty သို့ ရောက်ရှိရာ တပ်မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သရုပ်ပြလေ့ကျင့်နေမှု ကြည့်ရှု**

ထို့နောက် ရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ် လေ့ကျင့်ရေးကမ်းခြေတွင် ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်ရှစ်ဦးမှ ရန်သူ့ရေယာဉ်အား တိတ်တဆိတ်ဝင်ရောက်ဖောက်ခွဲ၍ ပြန်လည်ထွက်ခွာခြင်း (Cast & Recovery) လေ့ကျင့်ခန်းသရုပ်ပြသခြင်းနှင့် သရုပ်ပြလေ့ကျင့်နေမှုအား ကြည့်ရှုသည်။ လေ့ကျင့်မှုအပြီးတွင် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့်ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၏ အလေးပြုခြင်းကိုခံယူကာ ယခုထက် စွမ်းရည်ပိုမိုမြင့်မားစေရေးအတွက် လေ့ကျင့်မှုများကိုပိုမိုအားထည့်လုပ်ဆောင်သွားရန် လိုအပ်သည်များကို မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှူးက တပ်သမိုင်းအကျဉ်းနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လေ့ကျင့်ရေးဆိုင်ရာဆောင်ရွက်နေမှု၊

ပြည်ပနိုင်ငံများသို့သင်တန်းသားများစေလွှတ်မှု၊သွားရောက်လေ့လာမှုနှင့် ပြည်ပနိုင်ငံများမှ လာရောက်လေ့လာမှု၊ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်မိသားစုများ၏သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

■ ■ ■

# (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting တွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၁ - ၂၀၂၃ )




မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8th High Level Committee Meeting ကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ Jasmine Ngapali Resort ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့သည် သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Chalermphon Srisawasdi တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေး**

ဦးစွာ (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏

> **မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးကို ရေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်၊ ယခုပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသမှ ပြည်သူလူထုများအေးချမ်းတည်ငြိမ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင်စွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့။**

မြန်မာဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့(၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို မြန်မာ့တပ်မတော်မှ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးကို ရေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့်ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်နှစ်ရပ်မှအရာရှိကြီးများ အပြန်အလှန်ခရီးစဉ်များ၊ (ကြည်း၊ရေ၊လေ) ကဏ္ဍအလိုက် အစည်းအဝေးများ၊ နယ်ခြားကော်မတီအစည်းအဝေးများနှင့် အားကစားပြိုင်ပွဲများအား ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ အချို့သောအစည်းအဝေးများကို Video Conferencing ဖြင့်သာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယခုကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပျက်စေဘဲ ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ ထိုင်းဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့တပ်မတော်မှ နွေးထွေးရင်းနှီးစွာကြိုဆိုခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် ပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်းမရှိသော်လည်း မြန်မာ့တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို မိမိအနေဖြင့် အမြဲဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ချိန်တွင်လည်း ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကျင်းပနိုင်ခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်လမ်းကြောင်းနှင့်နည်းလမ်းများကို ချမှတ်နိုင်မည့်အပြင် နယ်စပ်ဒေသရှိတပ်ဖွဲ့များအနေဖြင့်လည်း ချမှတ်ထားသည့်လမ်းကြောင်းများအတိုင်း ပူးပေါင်းဆောင်

ရွက်မှုများဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတစ်လျှောက်ရှိ နှစ်နိုင်ငံပြည်သူများအတွက် အသက်အိုးအိမ်စည်းစိမ်၊ လုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ထာဝရမိတ်ဆွေကောင်း**

မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ရှိရင်းစွဲ ဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေးအစီအစဉ်များအား အတည်ပြုကြသည်။

ယင်းနောက် (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီအစည်းအဝေး၏ ရလဒ်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်ကလည်းကောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့်ကိစ္စရပ်များအား အခမ်းအနားမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ငင်းနောက် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက 8th High Level Committee Meeting ၌ ဆွေးနွေးသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ငင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နိဂုံးချုပ်အမှာစကားများ အသီးသီးပြောကြားကြသည်။

■ ■ ■

# ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား သံတွဲမြို့ရှိ Pristine Mermaid Resort ညော့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးပြောကြားသည့်အမှာစကား

( ၂၀ - ၁ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၀ ရက်မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား သံတွဲမြို့ရှိ Pristine Mermaid Resort ညော့်ခန်းမဆောင်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရခိုင်ပြည်နယ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးတင်ပြ**

ဦးစွာ ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သံတွဲခရိုင်ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်တို့က ရခိုင်ပြည်နယ်အတွင်းနှင့် သံတွဲခရိုင်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်များထုတ်ပေးထားရှိမှု၊ ပြည်တွင်းပြည်ပခရီးသည်များ ဝင်ရောက်လျက်ရှိမှု၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရေးကြပ်မတ်

ဆောင်ရွက်လျက်ရှိမှု၊ အပန်းဖြေကမ်းခြေခရီးစဉ် ဒေသများ တိုးမြှင့်ဖော်ဆောင်လျက်ရှိမှု၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများဖွင့်လှစ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ခရီးစဉ်ဒေသ ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ Gust List Management System ဆောင်ရွက်လျက်ရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင် များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ ဟိုတယ်လုပ်ငန်း ရှင်များအသင်း(ရခိုင်ဇုန်) ဥက္ကဋ္ဌ၊ Bay View Hotel ပိုင်ရှင် ဦးသန်းဦးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဒေသခံများက လေကြောင်းလိုင်းပြေးဆွဲမှုများ နည်းပါး သွားသည့်အတွက် ခရီးသွားဝင်ရောက်မှုများနည်းပါးလျက် ရှိမှု၊ သံတွဲလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပခရီး သွားများ ပိုမိုဝင်ရောက်လာနိုင်မှု၊ ရန်ကုန်–ငပလီသွား ကားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ် မှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ ငပလီဟိုတယ်ဇုံသန့်ရှင်း သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ရေလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းတစ်ပြိုင်တည်း ဖွံ့ဖြိုး တိုးတက်စေရေးရေလုပ်ငန်းဇုန်တစ်ခုကန့်သတ်၍ ဖွင့်လှစ် ပေးရန်လိုအပ်လျက်ရှိမှု၊ ကမ်းခြေသဘာဝအလှအပများ ပျက်ဆီးမှုများမဖြစ်ပေါ်စေရေးအတွက် သဲထုတ်လုပ်မှုများ ကို ထိန်းသိမ်းကြပ်မတ်ပေးရန်နှင့် နေရာသတ်မှတ်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြား**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်း များဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံး ကိုဗစ်–၁၉ ကာကွယ်ဆေးများ စနစ်တကျထိုးနှံထားရှိရန်လိုအပ် ကြောင်း၊ ခရီးသွားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေကြောင်းလိုင်းများ အမြဲမပြတ်ပြေးဆွဲစေရေးအတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများနှင့် လေကြောင်း လိုင်းလုပ်ငန်းများဆောင်ရွက်နေသူများ ညှိနှိုင်းဆောင် ရွက်ရန်လိုအပ်ကြောင်း၊ ငပလီလေဆိပ်အား အပြည်ပြည် ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင် သဖြင့် လေဆိပ်အားအဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီဒေသအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး သူဌေးရေအား လျှပ်စစ်စီမံကိန်းကို ယခင်ကတည်းကအကောင်အထည် ဖော်နိုင်ရေးဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ အဆိုပါ စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက် လျက်ရှိကြောင်း၊ လက်တလောလျှပ်စစ်မီးလိုအပ်ချက် အား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ် လုပ်ခြင်းလုပ်သုံးစွဲခြင်းဖြင့် အထောက်အကူပြုနိုင်ကြောင်း၊ အလားတူစပါးခွံသုံး Gastifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ လေအားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်းဆောင်ရွက်နိုင်ကြောင်း၊ ရေ လုပ်ငန်းနှင့်ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ကြရန်

**ငပလီလေဆိပ်အား အပြည်ပြည်ဆိုင်ရာ လေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည် ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်အားအဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်ဖြစ်၊ မိမိတို့၏ရှိပြီးသားဖြစ်သည့် အားသာချက် များကိုအသုံးချပြီး ခရီးသွားဧည့်သည် တို့၏ သဘောသဘာဝကိုသိရှိအောင် ဆောင်ရွက်ကာ ဒေသတွင်းသို့ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လို၊ ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများတွင်ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်း များကို အားပေးဆောင်ရွက်လျက်ရှိ။**

လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တည်းခိုရေးတစ်ခုတည်းသာမကဘဲ များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် အခြားကဏ္ဍများဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများတွင်ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ခရီးသွားသူများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များ အချင်းချင်း နှစ်ဦးနှစ်ဘက်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး စနစ်တကျရှိရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ချက်ပြုတ်ကျွေးမွေးရေးနှင့်တစ်ဦးချင်းဝန်ဆောင်မှုပေးရသည့်လုပ်ငန်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ အလားတူ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးသည်လည်း အရေးကြီးသည့်အချက်တစ်ခုဖြစ်ပြီး ငပလီကမ်းခြေသည် သာယာလှပသည့်ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များကပင် ချီးကျူးနှစ်သက်ရသည့်ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကိုသိရှိအောင် ဆောင်ရွက်ကာ ဒေသတွင်းသို့ခရီးသွားများပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လိုကြောင်း။

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများလိုအပ်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသရှိသဘာဝသယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက်လေ့ကျင့်သင်ကြားပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပြီးကျွမ်းကျင်သည့် ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သည့်ရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ပြီး ဒေသတွင်းပညာတတ်များ ပေါကြွယ်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အိမ်သာယာမှသာလျှင် ဧည့်လာမည်**

ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် လမ်းများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက်တာဝန်ရှိသူများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့လာရောက်လည်ပတ်သူများ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်သူများဝင်ရောက်မှု ပိုမိုများပြားလာပြီးဒေသတွင်းငွေကြေးလည်ပတ်မှုအားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊အိမ်သာယာမှသာလျှင်ဧည့်လာမည်ဖြစ်ကြောင်း။

ဒေသတွင်းတာဝန်ကျသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးတို့အတွက် စည်းကမ်းပိုင်းဆိုင်ရာများကို ဥပဒေနှင့်အညီတိကျစွာကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့် တိုင်းပြည်၏ရေရှည်အကျိုးကိုကြည့်၍ မိမိ၏ တာဝန်များကို ကျေပွန်အောင်တိတိကျကျဖြင့် အမုန်းခံပြောဆိုဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပဒေမဲ့ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကိုဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကြီးမားစွာသက်ရောက်

ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့် အုပ်ချုပ်သူတာဝန်ရှိသူများအနေဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း၊ ငပလီဒေသအတွင်းရှိ လမ်းများစနစ်တကျရှိစေရေး၊ လမ်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ လမ်းပခုံးများကောင်းမွန်စေရေး၊ လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျရှိစေရေး၊ လမ်းဇရိယာအတွင်း ကျော်လွန်ဝင်ရောက်၍နေထိုင်ခြင်းနှင့် ဈေးရောင်းချခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသမှထွက်ရှိသည့် ဒေသထွက်အစားအစာများဖြင့်လည်း ဒေသသို့လာရောက်လည်ပတ်သူများပြားလာအောင် ဆွဲဆောင်နိုင်ကြောင်း၊ ဒေသထွက်သားငါးနှင့်သီးနှံများ၏ သန့်ရှင်းလတ်ဆတ်မှု၊ အနံ့အရသာပြည့်စုံမှုတို့ကို ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုများတွင် အသုံးပြုသည့် အသားငါးနှင့် သစ်သီးဝလံများကို ဒေသခံများအား အောင်မြင်အောင်စိုက်ပျိုးစေခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့၏ ဧည့်သည်များကိုလည်း သန့်ရှင်းပြီး လတ်ဆက်သည့် အစားအစာများဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအောင်မြင်ခြင်းဖြင့် နိုင်ငံတွင်းရှိ ချည်ထည်ပစ္စည်းလုပ်ငန်းများကိုလည်း ဈေးကွက်ရရှိအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိချည်ထည်ဖြင့် ထုတ်လုပ်ထားသော ချည်ထည်ပစ္စည်းများကိုအသုံးပြုခြင်းဖြင့် စီးပွားရေးမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် လိုအပ်သည်များကို မူဝါဒအနေဖြင့် ချမှတ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်အခက်အခဲများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏လုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့ရှိ အောင်စစ်သည်အပန်းဖြေစခန်း(လင်းသာ) တည်ဆောက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သံတွဲမြို့လေဆိပ်သို့ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လေဆိပ်သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာအချက်အလက်များ၊ လေယာဉ်ပြေးလမ်းကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံတွဲလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသသို့ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ဒေသထွက်ပစ္စည်းများအား ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းများကို ဆောင်ရွက်နိုင်သည့်အပြင် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့်အခြေအနေများကိုပြောကြားပြီး လေယာဉ်ပြေးလမ်းအား အဆင့်အလိုက်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းတစ်လျှောက်လှည့်လည်ကြည့်ရှုခဲ့ပြီး လေယာဉ်ကွင်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုခဲ့ကြောင်းနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

■ ■ ■

# ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ရှိ ငပလီခန်းမ၌ သွားရောက်တွေ့ဆုံပြောကြားသည့်အမှာစကား

( ၂၁ - ၁ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၁ ရက်နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ရှိ ငပလီခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများမရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဦးစွာပြောကြားပြီး ကမ္ဘာ့နိုင်ငံများတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ၊ ထိုကဲ့သို့ သောမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ဘဲ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်

> မိမိတို့နိုင်ငံတွင် အဖိုးတန်မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသား လူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချမည်ဆိုပါက စီးပွားရေး လုပ်ငန်းများတိုးတက်လာမည်ဖြစ်၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးအားကောင်း လာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံ များ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်။

နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ဆောင်ရွက်နေမှုများအား ဆက်လက်ပြောကြားရာတွင် ယခင်အစိုးရသက်တမ်းတွင် စီမံခန့်ခွဲမှု အားနည်းခြင်းနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ပြီး ကုန်သွယ်မှုလိုငွေများလည်း များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းမရှိခြင်းကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ရမှုများရှိကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ထိုကဲ့သို့သောအခြေအနေများကြောင့် ကျဆင်းခဲ့သည့် စီးပွားရေးများ ပြန်လည်တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးနှင့်ကိုက်ညီသင့်တော်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများကို အဓိကထားအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၏စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ပချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဖိုးတန်မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသားလူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချမည်ဆိုပါက စီးပွားရေးလုပ်ငန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးအားကောင်းလာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ်အလတ်အဆင့်သို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**တပ်မတော်သားများ၏ သက်သာချောင်ချိရေး၊ ပညာရည်မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်**

တပ်မတော်အတွင်း၌လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေသည့် တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သမာအာဇီဝကျသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မှီခိုသူများ၏ စားရေး၊ ဝတ်ရေးနှင့် နေရေးတို့ကို တတ်နိုင်သမျှ ပြည့်စုံအောင်စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ ပညာရေးအားနည်းမှုများရှိသဖြင့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ခဲ့ကြောင်း၊ အတန်းပညာများရှိရန် လိုအပ်သကဲ့သို့ စာဖတ်မှ စာတတ်မည်၊

စာတတ်မှ အသိပညာနှင့် အတတ်ပညာများရရှိမည်ဖြစ်ကြောင်း၊ စာပေပညာများတတ်ကျွမ်းမှသာလျှင် သက်ဆိုင်ရာပညာရပ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက်လည်း မိဘကောင်းသဖွယ်စိတ်ဓာတ်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ မိသားစုဝင်များ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များ ဗဟုသုတနှင့်အသိအမြင်များတိုးတက်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များတွင် စာအုပ်စာစောင်များကို ပြည့်စုံစွာဖြည့်ဆည်းပေးထားကြောင်း၊ ထို့ကြောင့် အသိပညာအတတ်ပညာများ တိုးပွားရေးအတွက် စာအုပ်စာစောင်များကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ စားဝတ်နေရေးအပြင် အသိပညာနှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက်ကိုပါ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်သစ္စာစောင့်သိပြီး မိမိတို့၏လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အရာရှိ၊ စစ်သည်များ အနေဖြင့် ရန်သူကို နေလို မီးလိုကျင့်ရန်နှင့် ပြည်သူကို ရေလို လလိုကျင့်ရန်လိုကြောင်း၊ နိုင်ငံ၏အကျိုးကိုဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်ကိုကောင်းအောင် လုပ်ဆောင်ရန်၊ မိမိတို့တပ်မတော်ကိုကောင်းအောင် လုပ်ဆောင်ရန်နှင့် မိမိတို့နိုင်ငံကိုကောင်းအောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၁ - ၁ - ၂၀၂၃ )





(၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီလ ၂၁ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာဒ္ဓကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr.Chen Hai၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့များနှင့် ခြင်္သေ့အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းပွားအကအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘင်ခရာတီးမှုတ်၍ အလေးပြုကြသည်။

ယင်းနောက် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(လသာ)မှ ကျောင်းသားကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကအဖွဲ့တို့က ကွင်းအတွင်း နေရာယူကြပြီး ပန်းပွားအကများ၊ ဘင်ခရာစွမ်းရည်ပြမှုများဖြင့်လည်းကောင်း၊ တရုတ်ရိုးရာနဂါးအကအဖွဲ့က စွမ်းရည်ပြသရုပ်ဖော်ကပြမှုများဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr.Chen Hai နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

ချုပ် (UMFCCI)၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဘတ်စကက်ဘောအသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအသင်းနှင့် လူငယ်ဘတ်စကက်ဘောအသင်းတို့က ပထမပွဲစဉ်အဖြစ်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအားကစားသမားဟောင်းကြီးများအသင်းတို့က ဒုတိယပွဲစဉ်အဖြစ်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**တရုတ်ရိုးရာပဝါဖြင့်ဂါရဝပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက တရုတ်ရိုးရာပဝါဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့်တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါးအကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ၎င်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားအထိမ်းအမှတ် မီးရှူးမီးပန်းပစ်ဖောက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားအထိမ်းအမှတ် ညစာစားပွဲကိုကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာခြင်္သေ့မျက်လုံးဖွင့်မင်္ဂလာအခမ်းအနားကိုပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က တရုတ်ရိုးရာခြင်္သေ့အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် ကမ္ဘာတွင် အသုံးများနေသည့်ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ကို ဇန်နဝါရီလ ၁ ရက်နေ့အဖြစ် ယေဘုယျမှတ်ယူကြပါကြောင်း၊ သို့သော်လည်း ကမ္ဘာပေါ်တွင်နေထိုင်ကြသည့် လူမျိုးစုများသည် ၎င်းတို့၏ကိုယ်ပိုင်ပြက္ခဒိန်နှင့် ကိုယ်ပိုင်နှစ်သစ်ကူးနေ့များ ရှိကြပါကြောင်း၊ မနက်ဖြန်တွင်ကျရောက်မည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့သည်လည်း လက်ရှိကမ္ဘာ့လူဦးရေအများဆုံးဖြစ်သည့် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သောနေ့တွင် နှုတ်ခွန်းဆက်စကားပြောခွင့်ရသည့်အတွက် အင်မတန်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်သစ်ကူးသည်ဆိုခြင်းသည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ကူးပြောင်းကြသည့်အခါ၌ မိမိတို့အားလုံးသည် နှစ်ဟောင်းကကြုံတွေ့ခဲ့ရသည့် အကောင်းအဆိုး၊ အကြောင်းအကျိုးများကို သေချာလေ့လာ စိစစ်ဝေဖန်ပိုင်းခြားပြီး နှစ်သစ်တွင်ပိုမိုကောင်းမွန်တိုးတက်အောင် အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးဟုဆိုရာတွင် တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ မိသားစုအချင်းချင်း၊ ရပ်ကွက်အချင်းချင်း၊ မြို့အချင်းချင်းနှင့် နိုင်ငံအချင်းချင်းအထိ

ပါဝင်ပါကြောင်း။

**တန်ဖိုးရှိလှသည့် ပေါင်းစည်းမှု**

၂၀၂၃ ခုနှစ်သည် တရုတ်ရိုးရာယုန်နှစ် ဖြစ်ပါကြောင်း၊ တရုတ်ရာသီခွင်အရ လေးခုမြောက်နှစ်ဖြစ်ပြီး အဓိပ္ပာယ်မှာ ချစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြစ်ကြောင်း၊ နှစ်သစ်ကြို အိမ်သန့်ရှင်းခြင်း၊ အိမ်တံခါးများတွင် မင်္ဂလာစာလုံးများကပ်ခြင်း၊ မည်မျှပင် အဝေးသို့ရောက်ရှိနေပါစေ မိသားစုများပြန်လည်ဆုံစည်းကြခြင်း၊ နှစ်သစ်ကူးထမင်းဝိုင်းကို မိသားစုနှင့် ဝိုင်းဖွဲ့စားသောက်ခြင်း၊ နှစ်သစ်ကူး၏ ပထမဆုံးခေါင်းလောင်းသံကို စောင့်ခြင်း၊ ဆွေမျိုးများကိုနှုတ်ဆက်ခြင်း စသည့်ချစ်စဖွယ်ရိုးရာဓလေ့များကို ဆောင်ရွက်ကြပါကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း တစ်အိမ်တည်းနေမိသားစုများ၊ တစ်မြေတည်း တစ်မိုးတည်းအောက်တွင်နေကြသည့် ဆွေမျိုး၊ သားချင်း၊ မိတ်ဆွေများ ပြန်လည်စုစည်းတွေ့ဆုံပြီး နှစ်သစ်ကိုကြိုဆိုကြခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသည် နှစ်သစ်ကူး၏ တန်ဖိုးရှိလှသည့် ပေါင်းစည်းမှုလည်းဖြစ်ပါကြောင်း။

**တရုတ်နိုင်ငံကို အသိအမှတ်ပြုကြေညာ**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက်ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့်မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့လက်ထက်တွင်လည်း ဆရာတော် ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ကြွရောက်ခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ဇွန်၊ ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ်၊ ဇွန် ၈ ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးချုပ်ချူအင်လိုင်းတို့က မြန်မာ-တရုတ်နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုကို ကြည့်မည်ဆိုပါကလည်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ခန့် ထိစပ်နေသည်ကို တွေ့ရမည်ဖြစ်သည့်အပြင် သံလွင်မြစ်သည်လည်း တရုတ် နိုင်ငံ

> **မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက်ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့်မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့လက်ထက်တွင်လည်း ဆရာတော် ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ဇွန်၊ ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ်၊ ဇွန် ၈ ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးချုပ်ချူအင်လိုင်းတို့က မြန်မာ-တရုတ်နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့။**

နှင့် မြန်မာနိုင်ငံအထိပါ ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၌ မိမိတို့တိုင်းရင်းသားလူမျိုးစုများနေထိုင်လျက်ရှိသကဲ့သို့ တရုတ်နွယ်ဖွားများသည်လည်း မိမိတို့နိုင်ငံတွင်လာရောက်အခြေချပြီး အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း။

လူတစ်ယောက်၏ဘဝလမ်းခရီး ကောင်းမွန်စွာလျှောက်လှမ်းနိုင်ရေးအတွက် ကာယကံရှင်တစ်ဦးတစ်ယောက်တည်း ကောင်းနေ၍ မရပါကြောင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းများလည်းကောင်းရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုပါကလည်း ယင်းနိုင်ငံတစ်ခုတည်းကောင်းအောင် ကြိုးစားနေရုံမက နယ်နိမိတ်ချင်းထိစပ်နေသည့်အိမ်နီးချင်းများသည်လည်း အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အပြန်အလှန်အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်လည်း ၂၀၂၂ ခုနှစ် မေ ၂၀ ရက်တွင် တရုတ်နိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် အင်တာဗျူး၌ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးစွာနေခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အိမ်နီးချင်းဟူသည်မှာ အရင်းနှီးဆုံးအိမ်နီးချင်းကောင်းများဖြစ်ရမည့်အကြောင်း၊ မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်း ၅ နိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာနေထိုင်သွားမည်ဖြစ်သည့်အကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာတွင်စပြီး လက်မှတ်ထိုးသည့် နိုင်ငံဖြစ်ကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ မိမိပြောဆိုခြင်းဖြစ်သည်ဆိုသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပေါ်ထားသည့် ရပ်တည်ချက်ဆိုပါကလည်း မမှားပါကြောင်း။

**အစဉ်ထောက်ခံရပ်တည်လျက်ရှိ**

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ တတိယအကြိမ်စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်ထောက်ခံရပ်တည်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနေသည့် ကောဝင်ရိုးမှ ဗဟုဝင်ရိုးကိုပြောင်းလဲနိုင်ရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့်ကိစ္စများအပေါ်၌လည်း ကြိုဆိုအားပေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်အလွန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများဖြစ်ပါကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Coope–ration Organization) ၌ မြန်မာနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် (Dialogue Patner) သတ်မှတ်ပေးခဲ့သည်ကိုလည်း အထူး ပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက်ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက်အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့အားလုံး ပိုမို၍ ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှု ပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့ မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများအားလုံး နှစ်သစ်ကူးပွဲတော်၌ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊ စီးပွားလာဘ်လာဘများ တိုးပွားပါစေ၊ အစစအရာရာအဆင်ပြေ ချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား

( ၂၃ - ၁ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) ကို ဇန်နဝါရီလ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်ဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အထူးဖိတ်ကြားထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် နောက်ဆုံးအချက်ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည့်အတိုင်း မိမိတို့ဘက်မှ ကြိုတင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၀ ကျော်ရှိသော်လည်း ၈၈ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ထိုအထဲမှ ၁၉ ပါတီသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲခြင်းခံရကြောင်း၊ နှစ်ဦးမှာ တစ်သီးပုဂ္ဂလအနေဖြင့် အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေကို သုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံ၌ နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှုမှာ

အားနည်းနေသည်ကို တွေ့နိုင်ကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများသည် မိမိကိုထောက်ခံ သည့် ပြည်သူများကို စုစုစည်းစည်းအင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်လိုကြောင်း၊ ပြည်သူတို့၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံကိုဦးဆောင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ် အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူနိုင်ငံသားအားလုံး ဒီမိုကရေစီအတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြောင်း။

ယခင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အတွေ့အကြုံများအရ ပါတီများပြားသော်လည်း လွှတ်တော်၌ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များ အစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကို တွေ့ရကြောင်း၊ အဆိုပါအစုအဖွဲ့မှာငယ်နေမည်ဆိုပါက ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာနှင့် ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကိုပြင်ဆင်ပြဋ္ဌာန်းရန်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်တွင်ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန်အတွက် သုံးသပ်ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရန်နှင့်ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေး**

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပြဋ္ဌာန်းရန်ဆောင်ရွက်လျက်ရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တက်ရောက်လာကြသူများက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

**မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့်သွားခဲ့၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီ စနစ် အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူ နိုင်ငံသားအားလုံး ဒီမိုကရေစီအတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့၊ ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာနှင့် ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန်လို၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန်ဖြစ်၊ ရှေ့လုပ်ငန်းစဉ်တွင်ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန် အတွက် သုံးသပ်ဆွေးနွေးအကြံပြုကြစေလို။**

ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည့်အတွက် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး လုပ်ဆောင်ရမည်များကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ပြည်သူများအားလုံး အကြားအလပ်မရှိ မဲပေးနိုင်ရန်လိုကြောင်း၊ ဆွေးနွေးပြီးသည့် EAO အဖွဲ့များနှင့်လည်း ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို မူအားဖြင့် သဘောတူညီမှုရရှိပြီးဖြစ်၍ နိုင်ငံအဝန်း အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ပြည်သူအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာဆန္ဒဖော်ထုတ်မဲပေးနိုင်ရေး ဦးတည် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲပြုလုပ်ရန်အတွက် နိုင်ငံရေးပါတီများရှိနေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပြဋ္ဌာန်းနိုင်ရန်လည်း အရေးကြီးကြောင်း၊ထို့ကြောင့် လိုအပ်သည်များ ထပ်မံသုံးသပ်ပြင်ဆင်ပြီးပါက အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အလားတူ ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ပါတီများကို မှတ်ပုံတင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည့် နိုင်ငံရေးပါတီများ မဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ရုံးများကို အပြည့်အစုံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ တစ်နိုင်ငံလုံးရှိ စာရင်းဇယားများမှန်ကန်စွာရရှိမှသာ မဲစာရင်းများ မှန်ကန်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူများအားလုံးပါဝင်သည့် လွတ်လပ်၍တရားမျှတပြီး အကြားအလပ်မရှိ ကျင်းပနိုင်ရန်လိုကြောင်း၊ သမာသမတ်ရှိသည့် ရွေးကောက်ပွဲ၊ စနစ်ကျသည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၂၇ - ၁ - ၂၀၂၃ )




ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကိုဇန်နဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင်နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ အကျည်းတန်သော စည်းကမ်းမဲ့မဲပေးမှုနှင့် မဲမသမာမှုများကိုအခြေခံ၍ ပေါ်ပေါက်လာသည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှု၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံ၏စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲလာမှုတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခြင်းကြောင့် နိုင်ငံစီးပွားရေးမှာ ထိုက်သင့်သလောက်တိုးတက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာ၌ စီးပွားရေးနှင့်ပတ်သက်၍ ယခင်အစိုးရ၏စီမံခန့်ခွဲမှုအားနည်းခဲ့ခြင်းနှင့် ကိုဗစ်-၁၉ရောဂါဖြစ်ပွားခဲ့ခြင်းတို့ကြောင့် မိမိတို့အစိုးရမှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းနေသည့်အချိန်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ ထိုက်သင့်သလောက် ပြန်လည်တိုးတက်ကောင်းမွန်လာပြီဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း၊ ပြည်တွင်းမှထုတ်လုပ်သည့် ထုတ်ကုန်များကို အရည်အသွေးပြည့်မီရန်နှင့် အရေအတွက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ဈေးကွက်တွင်လိုအပ်သည့် ကုန်ပစ္စည်းများ

ကိုဖြည့်တင်းပေးနိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့်ကုန်ကြမ်းများနှင့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့်ရရှိရန်နှင့် လုပ်သားအရင်းအမြစ်များကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ကြောင်း။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသများအလိုက် စားရေရိက္ခာများ လုံလောက်အောင်ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများနေထိုင်စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စားရေရိက္ခာများဖူလုံစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ယခင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာများ ဖော်ထုတ်၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းသည် အဓိကကျသဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် အချို့သောနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့် ဝေဖန်ပြောဆိုမှုများရှိခြင်းကြောင့် နိုင်ငံတကာဆက်ဆံရေးတွင် အကြပ်အတည်းများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ယခင်ကတည်းက ကြားနေနိုင်ငံတစ်ခုဖြစ်ခဲ့ပြီး နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအချိန်အထိ လွတ်လပ်၍ တတ်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများ၏ မိမိတို့နိုင်ငံအပေါ်ထားရှိသည့် နိုင်ငံရေးသဘောထားများကွဲလွဲမှုနှင့် အချို့နိုင်ငံများ၏ ကြားဝင်စွက်ဖက်မှု၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့နိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်ခြင်းများရှိခဲ့ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်သူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို ကိန်းဂဏန်းအချက်အလက်များအရ သိရှိရကြောင်း၊ အသက် ၂၅ နှစ်ကျော်ပြီဖြစ်သည့် ပြည်သူအများစု၏ပညာအရည်အချင်းမှာ အလယ်တန်းပညာအောက်၌ ရှိနေသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ပညာရေးဖွံ့ဖြိုးစေရေး မဖြစ်မနေအားပေးမြှင့်တင်ရမည်ဖြစ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေး၊ ပညာရေးတို့နှင့် ပတ်သက်၍ပြောကြားရာတွင် “ဒုတိယကဘာလဲဆိုတော့ ကျန်းမာရေးနဲ့ပတ်သက်တာ၊ ကိုဗစ်ကြောင့်ဖြစ်တာမှာ တော်တော်များများလည်း ဆုံးရှုံးမှုတွေရှိပါတယ်။ နဂိုကကိုမှ ကျွန်တော်တို့ဆီမှာ life expectancy မှာလည်း ကျွန်တော်တို့က ၇၀ လောက်ပဲရှိတယ်။ တော်တော်နည်းပါတယ်။ အိမ်နီးနားချင်းတိုင်းပြည်ထဲမှာ ကျွန်တော်တို့ အနိမ့်ဆုံးဖြစ်ပါတယ်။ life expectancy အနိမ့်ဆုံးဖြစ်တယ်၊ လာအိုကျွန်တော်တို့ထက်မြင့်တယ်၊ ဘင်္ဂလားဒေ့ရှ်ကျွန်တော်တို့ထက် မြင့်တယ်။ တွက်နည်း၊ ချက်နည်းတွေတော့ အမျိုးမျိုးရှိတာပေါ့၊ ဘယ်လိုပဲတွက်နည်းချက်နည်းတွေရှိရှိပါ၊ လက်တွေ့မှာ ကျွန်တော်တို့ တစ်ကယ်အသက်ရှည်တဲ့သူဖြစ်ဖို့လိုတယ်။ ကျန်းမာတဲ့သူဖြစ်ဖို့လိုတယ်။ ကျန်းမာဖို့ဆိုရင် တစ်အချက် စားရေးသောက်ရေး အဆင်ပြေဖို့လိုတယ်။ နှစ်အချက် နေရေးထိုင်ရေးအဆင်ပြေဖို့လိုတယ်။ ဒီလို စားရေးသောက်ရေး၊ နေရေးထိုင်ရေးအဆင်ပြေဖို့ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းရှိရမယ်။ အတန်းပညာရှိရမယ်။ ဒီနှစ်ခုကျွန်တော်တို့ မဖန်တီးပေးနိုင်လို့ရှိရင် ဒီကျန်းမာရေးမှာလည်း ကျွန်တော်တို့ အားနည်းချက်တွေ အများကြီးရှိမှာဖြစ်တယ်။ ဘယ်လောက်ပဲကာကွယ်ဆေးတွေထိုးပေးပါ။ မရပါဘူး။ မဖြစ်နိုင်ဘူး။ ကာကွယ်ဆေးတွေ ထိုးပေးတဲ့ကြားထဲကပဲ ကိုဗစ်ဖြစ်ကြတာပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီလူနေမှုစနစ်ကို မြှင့်တင်နိုင်မှသာ ကျန်းမာရေးကလည်း မြင့်တက်လာမယ် ဆိုတာကို သွားတွေ့ပါတယ်။ လူနေမှုစနစ်မြှင့်တင်နိုင်ဖို့ဆိုလို့ရှိရင် စီးပွားရေးကောင်းအောင်လုပ်ရမယ်။ စီးပွားရေးကောင်းဖို့ဆိုရင်လည်း အတန်းပညာ၊ အတတ်ပညာတွေ

**မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြစ်၊ ယခင် အစိုးရအဆက်ဆက်ကတည်းက ရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချို့စီမံကိန်းများရပ်တန့်ခဲ့ရပြီး အချို့ စီမံကိန်းများဖျက်သိမ်းခံခဲ့ရ၊ မိမိတို့ အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အများသုံး သယ်ယူပို့ဆောင်ရေးစနစ်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၌ လျှပ်စစ် ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည် ဆိုပါက စက်သုံးဆီသုံးစွဲမှုကို များစွာ လျှော့ချနိုင်မည်ဖြစ်သောကြောင့် နိုင်ငံခြား ငွေသုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်။**

ရှိအောင်လုပ်ပေးရမယ်။ ဒီလိုသွားရမယ်။ ဒါကြောင့်ကျွန်တော် တို့က အတန်းပညာနဲ့ပတ်သက်ရင် အနည်းဆုံးတော့ KG+9 ကိုသွားဖို့လိုတယ်။ KG+9 ဖြစ်လာပြီဆိုလို့ရှိရင် Vocational Training အနိမ့်ဆုံးသွားလို့ရပြီ၊ ဒါကြောင့် စက်မှုစိုက်ပျိုး မွေးမြူရေးကျောင်းလေးတွေ ခရိုင်အလိုက်ဖွင့်ပေးမယ်။ အဲ့ဒီကနေပြီးတော့ ပထမဦးဆုံး ကျောင်း ၅၀ ပေါ့။ ဘယ်လို နည်းနဲ့ဖြစ်ဖြစ် ကျွန်တော်တို့တစ်တွေ ပညာတတ်ဖို့လို တာပဲ။ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်တို့ ပေးရပါတယ်။ ပေးလည်းပေးနိုင်ပါတယ်။ ပေးလည်း ပေးရပါတယ်။ ကျောင်း ၅၀ ကနေပြီးတော့ ခရိုင်အားလုံး၊ ခရိုင်ကနေပြီးတော့ အဓိကကျတဲ့ မြို့နယ်တွေပါ ကျောင်း တွေတိုးချဲ့ပြီး ဖွင့်လာပြီးတော့မှ။ သူ့ရဲ့အခြေခံလုပ်နိုင်တဲ့ ဟာတွေကိုကျွန်တော်တို့သွားကြရမယ်။" ဟုပြောကြားသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်လိုအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကပြောကြားရာတွင် မိမိတို့ အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြစ်ကြောင်း၊ ယခင်အစိုးရအဆက်ဆက်က တည်းက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် အချို့စီမံကိန်းများရပ်တန့်ခဲ့ရပြီး အချို့ စီမံကိန်းများဖျက်သိမ်းခံခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ် ဓာတ်အားများလုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက် လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားလုံလောက် စွာရရှိနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ လျှပ်စစ်ဓာတ်အား များကို အသုံးပြုဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲ မှုကို များစွာလျှော့ချနိုင်မည်ဖြစ်သောကြောင့် နိုင်ငံခြားငွေ သုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူချိန်ကာလ အတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေမှုအပေါ် တပ်မတော်အနေဖြင့်လက်ခံ သဘောတူညီပြီးဆက်လက်၍လည်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည် ဆောက်ရေးသည် နိုင်ငံရေးရည်မှန်းချက်ဖြစ်ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာ

ဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ စားရေရိက္ခာဖူလုံအောင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ လူသားအရင်းအမြစ်များမွေးထုတ်ရာတွင်လည်း ယခုခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်မီနည်းပညာများကို တတ်ကျွမ်းသည့်ပညာတတ်များကို သက်ဆိုင်ရာတက္ကသိုလ်များမှ သင်ကြားမွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ နိုင်ငံအတွင်း ပညာတတ်လူသားအရင်း အမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

နေပြည်တော်နှင့်ပတ်သက်၍ နေပြည်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသည့် နိုင်ငံ၏ မြို့တော်ဖြစ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်၊ ကုန်သွယ်ရေးမြို့တော်ဖြစ်ကြောင်း၊ ၁၇ နှစ်တာကာလအတွင်း နေပြည်တော်သည် များစွာတိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့်ညီအောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့တော်တွင် နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့တော်ကို Green City၊ Clean City နှင့် Smart City ဖြစ်အောင် ပုံဖော်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့သက်ဆိုင်ရာ နေပြည်တော်ကောင်စီမှလည်း နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ထမ်းဆောင်ချိန် ၂ နှစ်တာကာလအတွင်း နိုင်ငံကောင်းရာကောင်းကျိုးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။ ယင်းနောက်သတင်းလုံခြုံရေးအတွက် ဝန်ကြီးဌာနများအားလုံး စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## (၄- ၁ - ၂၀၂၃ )

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်း တို့ခင်ဗျား–**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သော ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်သူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ အတူတကွစုပေါင်း၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့်နေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် ၁၉ ရာစုနှောင်းပိုင်း၌ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ပြီး မတရားကျူးကျော်သိမ်းပိုက်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့သည် တိုင်းရင်းသားတို့အပေါ် နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးခွဲအုပ်ချုပ်မှုကြောင့် အထင်မြင်လွဲမှားမှုများရှိခဲ့သော်လည်း တိုင်းရင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့နှင့်ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာ သက်စွန့်ကြိုးပမ်း တွန်းလှန်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုအခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့်လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက်ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါသည်။ နှစ်ပေါင်းတစ်ရာကျော်အတွင်း ဘိုးဘွားတို့၏အသက်သွေးချွေးများစွာပေးဆပ်၍ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သော်လည်း ကိုလိုနီစနစ်၏အမွေဆိုးကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ထိပါးလာခဲ့ပါသည်။

ရရှိပြီးသောလွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် ဒို့တာဝန်အရေး ၃ ပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်

သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ−**

လူသားများအသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သောစွမ်းအင်(energy)ကို အစားအသောက်များက ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာလုံခြုံမှုရှိရေး (Food Security) သည် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာပြည့်စုံကုံလုံသော နိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့ရောက်ရှိပြီဖြစ်သောကြောင့် လူဦးရေတိုးမြင့်လာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှု (Demand) သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသောစိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များအား အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ခဲ့သဖြင့် ယခုအခါတွင် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်လာရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ပညာရေးမြှင့်တင်ခြင်းဖြင့်ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ဖို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်သောကြောင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ခုတွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်သည့်အပြင် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသောကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြေ၊ ရေ၊ သဘာဝသယံဇာတ ကြွယ်ဝလှသည်ဖြစ်ရာ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းကို ပြည်ပကတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်လျက် ပြည်ပသို့ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သယံဇာတများကိုထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်မှသာလျှင် စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံရေးပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းလာခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် (၇၅) နှစ်ပြည့်မြောက်ပြီး စိန်ရတုလွတ်လပ်ရေးနေ့သို့ပင် တိုင်ခဲ့ပြီဖြစ်ပါသည်။ ချီးမြှင့်ထိုက်သူကိုချီးမြှင့်ခြင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းတို့သည် မင်္ဂလာတစ်ပါးဖြစ်သည့်အတွက် ကောင်းမွန်သောဆောင်ရွက်မှုများကိုဖော်ထုတ်ပြီး ချီးမြှင့်မှတ်တမ်းတင်ခြင်းကို အစဉ်အလာတစ်ခုဖြစ်သွားသည်အထိ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ (၇၅) နှစ်တာကာလအတွင်း အမြင်ချင်းမတူ၊ ခံယူချက်ချင်းမတူ၊ ရပ်တည်ချက်ချင်းမတူသော်လည်း အမိမြန်မာနိုင်ငံတော်အကျိုးအတွက် နယ်ပယ်အသီးသီးမှ ကဏ္ဍအမျိုးမျိုးဖြင့် သယ်ပိုးခဲ့ကြသူများကို ပုဂ္ဂိုလ်ရေးရာခွဲခြားခြင်းမရှိဘဲ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း တစ်နိုင်ငံလုံး

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လွတ်လပ်၍တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဖြစ်ပေါ်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့်အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့်ဆောင်ပုဒ်ကို လက်တွဲညီညီ အကောင်အထည်ဖော်သွားပါမည်။

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ထားခံယူလျက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရင်းသဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၀ - ၁ - ၂၀၂၃ )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ယနေ့ ဇန်နဝါရီလ (၁၀) ရက်နေ့သည် ကချင်ပြည်နယ် အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်း နေတစ်ရေတည်းသောက် မရှိအတူရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင်ထည်ထည် ဝါဝါရပ်တည်နေထိုင်ခဲ့ကြပါသည်။

နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သည့်ကာလတစ်လျှောက်လုံး အေးချမ်းသာယာပြီး နိုင်ငံတော်နှင့် ပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ဝပြောစည်ပင်စွာဖြင့် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက်အဆမတန် အင်အားကြီးမားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏လက်အောက်သို့ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံး ခဲ့ရပါသည်။

ထိုသို့ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ၏ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ မိမိတို့အသက်ကိုပဓာနမထားဘဲ နယ်ချဲ့တို့ကိုတော်လှန်၍ အချုပ်အခြာအာဏာကိုပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ မကြာမီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီးဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကြီးသည် မိမိတို့တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုရလဒ်ဖြစ်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီ ညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့် အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို "ကချင်ပြည်နယ်

နေ့” အဖြစ်သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၅) နှစ်ပြည့်မြောက် စိန်ရတုကာလတိုင်ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ကချင်၊ ထရမ်း၊ ဒလောင်၊ ဂျိမ်းဖော၊ ဂေါ်ရီ၊ ခါ့ခူး၊ ဒူးလန်း၊ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူစသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါ အဝင် လူဦးရေစုစုပေါင်း (၁၇) သိန်းကျော် အတူတကွချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအဖြစ် မေခနှင့်မေလိခမြစ်နှစ်ခုပေါင်းဆုံ၍ စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်းဖြစ်သည့်အပြင် အဖိုးတန်သယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်းစသည့် တန်ဖိုးရှိရတနာများ ပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်း များရှိသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် မြစ်ဆုံ၏သာယာမှုတို့သည် ပြည်နယ်၏ထင်ရှားသော အလှအပသဘာဝများဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာမက နိုင်ငံတကာက ပါဝင်စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များဖြစ်ပါသည်။ တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ စွဲမက်နှစ်သက်ဖွယ်ရာ ယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပါသည်။ အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ်တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် ယနေ့ထက်တိုင် ကာလကြာရှည်စွာ လက်နက်ကိုင်ပဋိပက္ခများကြောင့်သဘာဝအလှအပများကိုလည်း မခံစားနိုင်၊ သယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးမပြုနိုင်ဘဲဖြစ်နေရပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီ ခိုင်မာအားကောင်းလာစေရန်နှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံအဝန်းဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ကြပြီး နိုင်ငံတော်အကျိုးအတွက်ဆိုသည့် တူညီသောစိတ်ဆန္ဒများရှိရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုမထိခိုက်စေရန် တတ်နိုင်သမျှထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများကိုလျှော့ချပြီး ရပ်တန့်ကြရန်လိုအပ်နေပြီဖြစ် ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်” ဆိုသည့် ဦးတည်ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်အနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၄ နှစ်ကျော်ကာလတိုင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၁) ကြိမ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအန္တရာယ်များအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးခဲ့ပါသည်။ ယခုဆက်လက်၍လည်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားပါသည်။

နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်း သက်ဆိုင်သူများအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်ကြသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည့် စီမံချက်များ ချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့်ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပေးပြီး အုပ်ချုပ်စေသည့်စနစ်ပင်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ဆိုသည်မှာလည်း မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ရွေးချယ်သည့်အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိစေမည်ဖြစ်ပါသည်။ သို့မှသာ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီဖြစ်စေရေး ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လှမ်းချီတည်ဆောက်နေရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏

စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှု၊ အသိဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့သည် လွန်စွာအရေးကြီးပါသည်။ တစ်နိုင်ငံလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် စဉ်းစားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ မိမိတို့၏ရပ်တည်ဆောင်ရွက်နေမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့ပြည်နယ်၏ အနာဂတ်ကို ဆက်လက်ဖော်ဆောင်ကြမည့် လူငယ်များကိုလည်း အသိပညာဗဟုသုတပြည့်ဝရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များပြည့်စုံကြွယ်ဝရေး ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံနှင့် လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေသည့်အချိန်အခါဖြစ်ရာ ယခုကဲ့သို့ထူးမြတ်သော (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်စုံပိုင်ဆိုင်နိုင်ကြပါစေကြောင်း မေတ္တာပို့သပါသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများအားလုံး ယနေ့ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့မှအစပြု၍ ဒေသတွင်းတည်ငြိမ်အေးချမ်း မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် စွမ်းဆောင်နိုင်သူများဖြစ်ကြပြီး နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံသားများ၏အကျိုးများ သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■